# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၄၁) ၊ ၁၃၈၆ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် ၊ ၂-၈-၂၀၂၄ ၊ သောကြာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အီရန်အစ္စလာမ့်သမ္မတနိုင်ငံ၊ သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တီဟီရန်မြို့၌ ဇူလိုင် ၃၀ ရက်တွင်ကျင်းပခဲ့သည့် အီရန်အစ္စလာမ့်သမ္မတနိုင်ငံ၊ သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ် ၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ပါဝင်တက်ရောက်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် အီရန်နိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။

### ကြိုဆို

မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အား နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒတ် မဟာ ပဝရ မိပတိ ဟွန်မာနိုက် အား သွားရောက်တွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အား ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒတ် မဟာ ပဝရ မိပတိ ဟွန်မာနိုက် က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၂ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံသို့ အလုပ်သဘော ခရီးစဉ် သွားရောက်ခဲ့သည်။

အထူးကိုယ်စားလှယ်သည် ဖနောင်ပင်မြို့သို့ ရောက်ရှိစဉ် ယနေ့ နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒတ် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆန် ကို အထက်လွှတ်တော်၌လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဆမ်ဒတ် မဟာ ပဝရ မိပတိ ဟွန်မာနိုက် ကို ငြိမ်းချမ်းရေးနန်းတော်၌ လည်းကောင်း သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံအတွင်း လတ်တလော ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံတူညီဆန္ဒ(၅)ချက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် နိုင်ငံတွင်း တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်များကို ရှင်းလင်းပြောကြားသည်။ ထို့ပြင် နှစ်နိုင်ငံအကြားရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ခရီးသွားလာမှု၊ ချိတ်ဆက်မှု နှင့် ယဉ်ကျေးမှုကဏ္ဍများအပါအဝင် နှစ်ဖက်အပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့်အလားအလာများ၊ ဒေသတွင်းနှင့်နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေးနှင့် ၂၀၂၅ ခုနှစ်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် သံတမန်ဆက်ဆံရေးထူထောင်သည့် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အထူးကိုယ်စားလှယ်ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယား၊ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ(၁) မစ္စတာ ပရတ် ဆုတ်ခွန်းက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂ ရက် ၊ သောကြာနေ့ ။

# အချိန်ကိုလေးစားတန်ဖိုးထား အကျိုးရှိရှိအသုံးချရမည်

လူသားတိုင်း မိမိဘဝအတွက်မိမိ၏လက်ရှိအချိန်သည်သာ အကောင်းဆုံးဖြစ်သည်။ အလုပ်တစ်ခုကို အကြွေးမထားဘဲ ချက်ချင်းလုပ်ကိုင်တတ်သူ၊ ဆောင်ရွက်တတ်သူသည် ကြီးပွားရန်ခြေလှမ်းစတင်လှမ်းသူဖြစ်သည်။ ခြေလှမ်းအစပြုတတ်သော အလေ့အကျင့်ရှိမှသာ ကြီးပွားချမ်းသာရာရနိုင်မည်ဖြစ်သည်။ လူသားတိုင်းအတွက် လိုလားသောကြီးပွားခြင်းသည် တစ်ချက်တည်းဖြင့် ကြီးပွားနိုင်သည်မဟုတ်ပါ။ အဆင့်ဆင့်သော သင်ယူတတ်မြောက်စရာများကို သင်ကြားတတ်မြောက်ပြီးမှသာ ကြီးပွားခြင်းသို့ ရောက်မည်ဖြစ်သည်။

ယနေ့ခေတ်သည် ရေးကထက်ပင် အတတ်ပညာရပ်တွေပေါများလာသည်။ မည်သည့်အတတ်ပညာမဆို နှိမ့်ချသောစိတ်နှင့် သည်းခံပါလျှင် မည်သည့်ပညာရှင်ထံမဆိုသွားရောက်ကာ တပည့်ခံသင်ယူနိုင်မည်ဖြစ်သည်။ ထို့ပြင် မရုက်မကြောက်သောသူအတွက် အလုပ်အကိုင်အခွင့်အလမ်းကား ပေါများပါသည်။ အတတ်ပညာများသင်ယူရာတွင် ဝီရိယရှိသောသူ၊ အချိန်ကိုလေးစားသူများနှင့် ရိုးသားဖြောင့်မတ်သူတို့အတွက် ပညာသင်ပေးချင်သည့် ဆရာများစွာရှိသည်။

အတတ်ပညာသင်ယူမည်ဆိုပါက ဝီရိယကိုထူ၊ ဉာဏ်ကိုကူပြီး အချိန်ကိုလေးစားစွာ အလုပ်လုပ်လျှင် မည်သည့်လုပ်ငန်းဆောင်တာမဆို ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လူချင်းယှဉ်လျှင် အချိန်ကိုလေးစားတန်ဖိုးထားအကျိုးရှိရှိအသုံးချလုပ်ဆောင်သူသည် ရှေ့မှ ဦးဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် လူသားတိုင်း မိမိအလုပ်ကို ကောင်းစွာကျွမ်းကျင်မှသာ သူများထက်သာလွန်မည်ဖြစ်သည်။

လုပ်ငန်းမကျွမ်းကျင်သမျှ သူများထက်ထူးအောင် မကြံဆောင်နိုင်ချေ။ မိမိ၏အလုပ်နှင့်ပတ်သက်၍ နည်းလမ်းကောင်းဟု ရှိသမျှကိုကြံရမည်ဖြစ်သည်။ ယနေ့ခေတ်တွင် ဈေးကွက်ဝင်ပစ္စည်းများကို လေ့လာကြည့်ပါက အချိန်ကာလအတိုင်းအတာတစ်ခု ရောက်ရှိသည်နှင့် မူလဒီဇိုင်းထက် လူအများစိတ်ဝင်စားမှုရှိအောင် အသွင်အပြင်ပြောင်းလဲရောင်းချသည်ကို တွေ့မြင်ကြရသည်။ အသစ်အသစ်တို့ကြာမြင့်၍ ဟောင်းသွားသည့်အခါ နောက်ထပ်အသစ်အသစ်များကို ထပ်မံတီထွင်ကြရသည်။ လူအများစိတ်ဝင်စားအောင် ဆွဲဆောင်ကြရသည်။

တစ်ဖန်ပညာရှာဖွေသူသည် ပျင်းရိခြင်းကင်းရမည်ဖြစ်သည်။ ပျင်းနေလျှင် ပညာတတ်လိမ့်မည် မဟုတ်ပါ။ စာအုပ်ရှိသမျှကို ဖတ်ရမည်။ သတင်းရှိသမျှကို နားထောင်ရမည်။ မှတ်သားသင့်သည့် အချက်အလက်များကို ရေးမှတ်ထားရမည်။ အချက်ကောင်းရှိသမျှ မလွတ်စေရန် သတိထားရှိရမည်။ ထိုကဲ့သို့ဉာဏ်လက်နက်၊ ဝီရိယလက်နက်စုံလင်သောသူသည် အောင်မြင်ခြင်းသရဖူကို ဆောင်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ လုံ့လ၊ ဝီရိယကို ဖျက်ဆီးသူသည် ပျင်းရိခြင်းဖြစ်သည်။ မိမိဘဝကို တိုးတက်ရေးအတွက် ကြိုးပမ်းတည်ဆောက်သူများသည် ပျင်းရိခြင်းကို ရန်သူပမာ သဘောထားပြီး ရှောင်ရှားကြရမည်ဖြစ်သည်။ အချိန်ကိုလေးစားတန်ဖိုးထား အကျိုးရှိစွာ အသုံးချသူတိုင်းသည် ဘဝတစ်သက်သာအတွက် အောင်မြင်မှုပန်းတိုင်များကို ရဲရဲဝံ့ဝံ့ဆုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# တံတားဦးမြို့နယ်တွင် မွေးစအရွယ်မှ အသက်တစ်နှစ်ခွဲထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးလျက်ရှိ



**တံတားဦး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် မွေးစအရွယ်မှ အသက်(၁)နှစ်ခွဲအထိ ကလေးငယ်(၆၁)ဦးအား (၅)မျိုးစပ်ပုံမှန်ကာကွယ်ဆေးနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်း(၁၈)ဦးတို့အား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ယနေ့နံနက်၁၀နာရီက တံတားဦးမြို့ သံဃာ့ဆေးကုသဆောင်၌ ကျင်းပသည်။

ထိုသို့ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးရာတွင် မွေးကင်းစအရွယ်မှ အသက်(၁)နှစ်ခွဲအထိ ကလေးငယ်(၆၁)ဦးကို BCG(၅)မျိုးစပ်ကာကွယ်ဆေး၊ PVCပိုလီယို ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးနှင့် ကိုယ်ဝန်ဆောင် မိခင်လောင်း(၁၈)ဦးကို မေးခိုင်ရောဂါကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးခဲ့သည်။

ထို့အပြင် ကာကွယ်ဆေး ထိုးနှံရန် လာရောက်ကြသည့် ကလေးငယ်များ၏ မိဘများနှင့် ကိုယ်ဝန်ဆောင် မိခင်လောင်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့်စပ်လျဉ်း၍ ကာကွယ်ပေးနိုင်သည့် ရောဂါများအကြောင်းနှင့် အကျိုးကျေးဇူးများအကြောင်းတို့ကို ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း တံတားဦးမြို့ပေါ်ရပ်ကွက်အမှတ်(၁၊ ၂၊ ၃)တို့မှ မွေးကင်းစအရွယ်မှ အသက်(၁)နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများကို ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးခြင်း၊ ထိုးပေးခြင်း လစဉ်(၁)ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျေးရွာများရှိ ကျန်းမာရေးဝန်ထမ်းများကလည်း မိမိတို့တာဝန်ကျသည့်ကျေးရွာများတွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရ သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၀၉)**

# လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ်(၃/၂၀၂၄)ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ယနေ့ နံနက် ၁၀ နာရီက သင်တန်းသား၊ သင်တန်းသူ ၂၀ဦးဖြင့် ပြင်ဦးလွင်မြို့နယ် ကြီးကိုင်ကျေးရွာတွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ ကျေးရွာမှ ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းအောင်ကြည်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းဗိုလ်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် အဝတ်လျှော်ဆပ်ပြာရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ၊ မှန်ကြည်ဆေး၊ ဆပ်ပြာခဲအမျိုးမျိုးပြုလုပ်နည်းတို့အား စာတွေ့(၃၀)ရာခိုင်နှုန်း၊ လက်တွေ့(၇၀)ရာခိုင်နှုန်းဖြင့် ၁-၈-၂၀၂၄ ရက်မှ ၅-၈-၂၀၂၄ ရက်အထိ သင်တန်းကာလ(၅)ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

၀-၀-၀-၀-၀





# ၂၀၂၄ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းအသင်း ကွာတားဖိုင်နယ်တက်ရောက်

**နေပြည်တော် ဩဂုတ် ၁**

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ဘောလုံးအားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ်ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၃၀ရက် မွန်းလွဲ၃နာရီက နေပြည်တော်ရှိ ပေါင်းလောင်းအားကစားကွင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ပေါင်းလောင်းအားကစားကွင်းတွင် ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ နှစ်သင်းစလုံး ဂိုးမရှိသရေဖြစ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအသင်းသည် (က)အုပ်စုတွင် ကရင်ပြည်နယ်အသင်းနှင့် သရေကျခဲ့ပြီး ရှမ်းပြည်နယ်အသင်းကိုအနိုင်ရရှိကာ နောက်ဆုံးအုပ်စုပွဲတွင် ကချင်ပြည်နယ်အသင်းနှင့်သရေကျခဲ့သဖြင့် ကချင်ပြည်နယ်အသင်းက အုပ်စုပထမ၊ မန္တလေးတိုင်းဒေသကြီးအသင်းက အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၄၅)**

## သတင်းများ Onlineမှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်းသိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၄) သို့ တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက် အမှာစကားပြောကြားသည်။





## တက်ရောက်

အစည်းအဝေးသို့ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၄) တွင် **“၂၀၂၄ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်လ သုံးလအတွင်း ပြည်တွင်း ပြည်ပကုန်သွယ်ရေးများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်ခဲ့မှုများရှိခဲ့သကဲ့သို့ နယ်စပ်ဒေသမှလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာရှိခဲ့ကြောင်း၊ သို့သော် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများရှိနေသည်ကိုလည်း နေ့စဉ်သိရှိနေရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ၏စီးပွားရေးကို ထိခိုက် စေလျက်ရှိခြင်းကြောင့် ကုန်သွယ်မှုနှင့် ပတ်သက်၍ အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြစ်ရန် လိုကြောင်း၊ လမ်းခရီး၌ မလိုလားအပ်သည့် ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နိုင်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကို အဟန့်အတားဖြစ်စေမည့် လုပ်ဆောင်မှုများမရှိအောင် တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း”** ထည့်သွင်းမှာကြားခဲ့ကြောင်း။

မိမိတို့အနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ၁၅ ကြိမ် ရှိပြီဖြစ်ပါကြောင်း၊ ယခင်အစည်းအဝေး ၁၄ ကြိမ်အထိ ဆုံးဖြတ်ချက် ၄၉၀ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် ဖမ်းဆီးရမိမှုများအနေဖြင့် ၂၀၂၄ ခုနှစ် ဇွန်လအထိ ဖမ်းဆီးရမိအမှုတွဲ ၁၃၅၅၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅ ဒသမ ၁၂၆ဘီလီယံ)ဖမ်းဆီးရမိခဲ့ကြောင်း။

၂၀၂၄ ခုနှစ် မေလနှင့် ဇွန်လအတွင်း ဖမ်းဆီးရရှိမှုများအနေဖြင့် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့် ရှမ်းပြည်နယ်က တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင်ရေယာဉ်အပါအဝင်မော်တော်ယာဉ် ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ လုပ်ငန်းသုံး ကုန်ကြမ်းများဖြစ်၍ တတိယအများဆုံးမှာ လူသုံးကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း။

မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃ ဒသမ ၈၁၄ ဘီလီယံနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇ဒသမ၉၇၈ ဘီလီယံ ရှိကြောင်း တွေ့ရှိရသည့်အတွက် ဝိသမလောဘ စီးပွားရေးသမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်း မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားတရားမဝင်စီးပွားရှာနေခြင်းကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အနေဖြင့် ယခုထက်ပိုမိုထိရောက်စွာ သတင်းထောက်လှမ်း တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ ထိထိရောက်ရောက် ဖမ်းဆီးအရေးယူ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

## ချမှတ်ကျင့်သုံးမှုအားနည်း

ပြည်ပမှကုန်စည်များ တင်သွင်းရာတွင် အရည်အသွေးပြည့်မီသည့် ကုန်စည်များ တင်သွင်းနိုင်ရေးအတွက် လိုအပ်ချက်ဖြစ်သည့် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ (Non-Tariff Measure-NTMs) ကို ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော်လည်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံတချို့တွင် ချမှတ်ကျင့်သုံးမှု အားနည်းနေသည်ကိုလည်းတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာကော်မတီ ၂၆ ခုမှ အမျိုးသား စံချိန်စံညွှန်းကောင်စီ၏ အတည်ပြုချက်နှင့် မြန်မာ့စံချိန်စံညွှန်း ၈၁၉ ခု သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ စံချိန်စံညွှန်း ထုတ်ပြန် ထားပြီးသော် လည်း မဖြစ်မနေလိုက်နာရမည့် (mandatory) အဖြစ် ထုတ်ပြန်ခြင်းမရှိသည့်အတွက် တင်သွင်းလာသည့် ပစ္စည်းများအပေါ် ထိန်းကျောင်း ဆောင်ရွက်နိုင်ခြင်း မရှိသေးသည်ကို စိစစ်တွေ့ရှိရကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် “အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ (Non-Tariff Measure-NTMs) ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းအဖွဲ့ (Task Force)” ကို ၂၀၂၄ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းထားရှိပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစည်းဝေးမှုများအရ ပြည်ပမှ တင်သွင်းမည့် ကုန်စည်များအတွက် စံချိန်စံညွှန်း သတ်မှတ်ချက်များကို သက်ဆိုင်ရာဌာနများအလိုက် အမိန့်ကြော်ငြာစာများထုတ်ပြန်နိုင်ရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

တရားမဝင် ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးရာတွင် သတင်းရရှိမှုသည်လည်း အရေးကြီးပါကြောင်း၊ ဖမ်းဆီးရရှိမှုများအနက် တာဝန်သိပြည်သူများ၏ သတင်းပေး တိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် မေလနှင့် ဇွန်လအတွင်း သတင်းရရှိမှု ၁၂၂ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၁၅ ကြိမ်၊ နောက်ကျသတင်း သုံးကြိမ်၊ သတင်းမှန် ၁၀၄ ကြိမ်ဖြစ်ပါကြောင်း၊ ဖမ်းဆီးရမိမှု အမှုတွဲ ၁၆၈ မှုနှင့် ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် ၅၃၇၆ ဒသမ ၀၄၄ သန်း ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိ ပစ္စည်းများအနေဖြင့် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် တရားမဝင်မော်တော်ယာဉ်များ ပါဝင်သည်ကို တွေ့ရှိရကြောင်း၊ သတင်းပေးတိုင်ကြားသူများကို သတင်းပေးဆုကြေးအဖြစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၁၆၈ ဒသမ ၄၈၈ သန်း ချီးမြှင့်ပေးခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဇွန်လအထိ ၅၆၉ ဒသမ ၁၃၂ သန်းကို သတင်းပေးဆုကြေးအဖြစ် ချီးမြှင့်ရန် ဆောင်ရွက်ထားရှိပြီး သတင်းများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် မြန်မာ့ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင်လည်း နေ့စဉ်၊ လစဉ် သတင်းထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ လျှော့ချနိုင်ပြီး ပြည်တွင်း စက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးတို့အတွက် ပြည်ပမှကုန်ချောတင်သွင်းမှုများကို အခွန်နှုန်းထားမြှင့်တင်၍ ထိန်းကျောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကိုလည်း သတ်မှတ်ထားသည့် အချိန်အတိုင်းအတာအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ထိန်းချုပ်ဆောင်ရွက်ရန် အထောက်အကူ ဖြစ်စေသည့် E-Lock Phase (2) ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုကို လျှော့နည်းပပျောက်အောင် ဆောင်ရွက်နေချိန် ဖြစ်သည့်အတွက် တရားမဝင်ကုန်စည်များ တားဆီးကာကွယ်ရေးတွင် တာဝန်ကျေပွန်စွာ ပါဝင်ဆောင်ရွက်ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ တာဝန်သိစိတ်ဖြင့် သတင်းအချက်အလက်များ ပေးပို့သည့် ပြည်သူများကိုလည်း ထိုက်သင့်သည့် အသိအမှတ်ပြုမှု၊ ချီးမြှင့်မှုအနေဖြင့် ဆုကြေးခွဲဝေပေးခြင်းကိုလည်း စဉ်ဆက်မပြတ် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးကြရန် ထပ်မံတိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီ အစည်းအဝေး (၂/၂၀၂၄) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟို စက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ၊ စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်တို့က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၄) သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်တို့က တရားမဝင် ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ ယစ်မျိုးလုပ်ငန်းများ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန် နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှု အခြေအနေများ၊ တရားမဝင် Online မှ ကုန်ပစ္စည်းများ ရောင်းချနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ဦးဆောင်ကော်မတီရုံး လုပ်ငန်းအဖွဲ့ ခေါင်းဆောင်က တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၃/၂၀၂၄) ဆုံးဖြတ်ချက်(မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် **ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက်** စေတနာရှင်အလှူရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။



### ကြည့်ရှုအားပေး

ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပေးပို့လှူဒါန်းနိုင်ရေး ဝန်ထမ်းမိသားစုများ ကိုယ်တိုင် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

### ကြည့်ရှုအားပေး


ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် **ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက်** ယနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ် ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းမိသားစုများကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့ လိုက်လံကြည့်ရှုအားပေးသည်။

ပြန်ကြားရေး ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက **ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက်** ငါးပိကြော် ၂၅ ကျပ်သား အထုပ် ၂၉၀၊ ငါးခြောက်ကြော် ၂၅ ကျပ်သား အထုပ် ၄၀၀၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ် ၅၇၀၀၊ ကြာဆံခြောက်ထုပ် ၁၈၀၊ ကြယ်နီ ဆေးပေါ့လိပ် အလိပ် ၂၆၃၅၀ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ပစ္စည်းများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည့်အပြင် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက **"ရှေ့တန်းရောက် တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ"** အစရှိသည့် **ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြကြောင်း** သိရသည်။

### ပေးပို့လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ


အလားတူ ယနေ့တွင် **ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက်** မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ ကလည်း ကော်ဖီမစ် အထုပ်ကြီး ၃၀၊ ခေါက်ဆွဲခြောက်ထုပ် ၃၀၀၊ သကြားလုံးအထုပ်ကြီး ၂၄ ထုပ်၊ ငါးပိထောင်း အထုပ် ၁၀၀၊ ရှူးရှဲ လက်ဖက်ချဉ်စပ် အထုပ် ၂၀၀၊ ပဲပွးကြော် ဗီသာ ၂၀၊ ပေါင်မုန့်ကြွပ် အထုပ် ၁၀၀၊ မုန့်ကြွပ် ၂၅ ထုပ်၊ ဆေးပေါ့လိပ် အလိပ် ၁၀၀၀ နှင့် ဝန်ထမ်းမိသားစုများ ကိုယ်တိုင် ချက်ပြုတ်ကြော်လှော်ထားသည့် ငါးခြောက်ကြော်၊ ငါးပိကြော် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၂၀ ခန့် ပေးပို့လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။





သို့
ပြည်ချစ်သား ကြီး ၅၄

တရားသောစစ် အောင်ရမည်



သို့
ရှေ့တန်း တပ်နေရာက

တရားသောစစ် အောင်ရမည်။

### ထည့်သွင်းပေးပို့

နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် လှူဒါန်းကြသည့် စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ထမ်းမိသားစုများက **"တရားသောစစ် အမြန်ဆုံး အောင်မြင်ပါစေ၊ တပ်မတော်သားများရဲ့ အောင်မြင်မှု ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက် တပ်မတော်သားများကိုချစ်တဲ့ ပြည်သူတွေ အများကြီး ရှိနေပါတယ်၊ တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ၊ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံး ပြန်လာနိုင်ပါစေ"** စသည့် ဆုတောင်းမေတ္တာ စာလွှာများလည်း ထည့်သွင်းပေးပို့ကြကြောင်း သိရသည်။

အဆိုပါစားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ရှေ့တန်းရောက်တပ်မတော်သား များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြစ်သားမြို့နယ်တွင် (၁၀)တန်းသွား မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

မြစ်သား ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ရွာသစ်ကျေးရွာ ကွင်းအမှတ် (၄၄၂)ရှိ တောင်သူဦးဇော်နိုင်၏ မိုးစပါးစိုက်ပျိုးမြေ ၃ ဧက တွင် ၁၀ တန်းသွား မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌဦးဇော်မင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးမောင်မောင်ငြိမ်းနှင့်ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းစိုး၊ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရာဇာကိုင်ထန်းနှင့် ဝန်ထမ်းများ မိုးစပါးစိုက်ပျိုးသည့် တောင်သူများတက်ရောက်ခဲ့ကြပြီး ၁၀ တန်းသွားမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

**ပန်းမန်သစ်ပင် လေသန့်စင်၍**
**ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

# သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





### တက်ရောက်

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်းသင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်အဆင့် ကောက်ယူမည်ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူရန် ရက်အားဖြင့် ၆၁ ရက်သာ လိုတော့ကြောင်း၊ သန်းခေါင်စာရင်းကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို လွန်ခဲ့သည့် သုံးနှစ်မှစတင်၍ စီမံချက်ရေးဆွဲကာ အချိန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူရန် စီမံဆောင်ရွက်သည့်လုပ်ငန်းများ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီ ဖြစ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များတွင် စာရင်းစစ်၊ စာရင်းကောက်များ ခန့်ထားခြင်း၊ သန်းခေါင်စာရင်း သင်တန်းအဆင့်ဆင့် အချိန်ကိုက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ခြင်းတို့အပြင် ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

### ရှင်းလင်းပြောကြား

ယခု သင်တန်းသားများသည် တိုင်းဒေသကြီး/ပြည်နယ်များတွင် နည်းပြတာဝန် ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် ယခုသင်တန်းမှ လေ့ကျင့်သင်ကြားပေးမှုအပေါ် သေသေချာချာလေ့လာမှတ်သားပြီး နည်းပြအဖြစ် ပြန်လည် သင်ကြားပို့ချသည့်အခါ မခြွင်းမချန် ထိထိရောက်ရောက် ပြန်လည်အသုံးချ လေ့ကျင့်သင်ကြားပေးကြရန် လိုအပ်ကြောင်း၊ ယခု ဗဟိုအဆင့်နည်းပြသင်တန်းကို သင်တန်းကာလ ၁၀ ရက်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နည်းပြသင်တန်း၊ ခရိုင်အဆင့် နည်းပြသင်တန်းနှင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို သတ်မှတ်အချိန်အတိုင်း အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အဆင့်ဆင့်က ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသားများက နယ်မြေဒေသအခြေအနေများကို တစ်ဦးချင်းရှင်းလင်းတင်ပြကြသည်။

ယခုဖွင့်လှစ်သည့် သန်းခေါင်စာရင်းဆိုင်ရာ ဗဟိုအဆင့်နည်းပြသင်တန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင် ဦးစီးဌာနမှူးရုံးများနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များအပါအဝင် အရာထမ်း ၅၅ ဦးဖြင့် သင်တန်းကာလ ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယခုနည်းပြသင်တန်း ပြီးဆုံးပါက တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်အဆင့် နည်းပြသင်တန်းများနှင့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ စီမံချက်များအတိုင်း ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

❍ စာမျက်နှာ ၂၄ မှ

မြစ်ရေကို စုပ်တင်သည့်ရေယူနေရာသို့လည်းကောင်း၊ အများပြည်သူစိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်ရန် မန္တလေးမြို့တော် ကမ်းနားလမ်းသာယာလှပရေး စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



## လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် အားသွင်းစက်များ တင်သွင်းရောက်ရှိ

နေပြည်တော် ဩဂုတ် ၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Arr Thit Man Motor Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW BESTUNE NAT E05 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gabar Motor Services Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX ALPHA S နှင့် ARCFOX အမျိုးအစား လျှပ်စစ်သုံးယာဉ် အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၈၅ ကျောင်းတွင် စိုက်ပျိုးရေးဘာသာရပ်၌ ကျောင်းသား ကျောင်းသူ ၂၂၄၄ ဦး ပညာသင်ယူလျက်ရှိ



နေပြည်တော် ဩဂုတ် ၁

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတွဲဖက်အထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်ခဲ့ပြီး စိုက်ပျိုးရေး ဘာသာရပ်ကို KG+10 ကျောင်းသား ကျောင်းသူ ၁၃၂၄ ဦးနှင့် KG+11 ကျောင်းသား ကျောင်းသူ ၉၂၀ စုစုပေါင်း ၂၂၄၄ ဦး သင်ယူလျက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းသည် ဇူလိုင် ၃၁ ရက် ညနေပိုင်းတွင် လယ်ဝေးမြို့နယ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတွဲဖက် အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ စိုက်ပျိုးမွေးမြူရေးဘာသာရပ်နှင့် ပတ်သက်၍ ဤသည် မရွှေ့ ကျက်မှတ်ဖြေဆိုရန်မလိုအပ်ဘဲ အခြေခံအနေဖြင့် လက်တွေ့လေ့လာပြီး ဖြေဆိုနိုင်ရမည်ဖြစ်ကြောင်း၊ ကျောင်းတွင် စာတွေ့လက်တွေ့ လေ့လာသင်ယူခဲ့မှုများကို မိဘလက်ငုတ် လယ်ယာလုပ်ငန်း၌ အသုံးချဆောင်ရွက်ခြင်း၊ ကိုယ်ပိုင် စိုက်ပျိုးမွေးမြူထုတ်လုပ်ပြီး လယ်ယာစီးပွားလုပ်ငန်းရှင်များအဖြစ် ဆောင်ရွက်ခြင်း၊ အစိုးရဌာနများ၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ မျိုးစေ့ကုမ္ပဏီများတွင် ပညာရှင်ဝန်ထမ်းများအဖြစ် ဆောင်ရွက်ခြင်း စသည်ဖြင့် နယ်ပယ်စုံကဏ္ဍစုံတွင် အောင်မြင်စွာ ရပ်တည်နိုင်ကြစေရန် ရည်ရွယ်သင်ကြားပေးခြင်း ဖြစ်သကဲ့သို့ ထူးချွန်မှုအလိုက် သိပ္ပံကျောင်းများနှင့် ဘွဲ့ကြို ဘွဲ့လွန် ပါရဂူတန်းအထိ ပေါက်မြောက်အောင်မြင်အောင် ဆက်လက်ကြိုးပမ်းနိုင်ကြသည့် အခွင့်အလမ်းကောင်းများစွာ ရှိနေခြင်းကြောင့် ကျောင်းသားကျောင်းသူများအနေဖြင့် အားထုတ် ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဇံနှင့်အတူ စာသင်ခန်းများ၊ လက်တွေ့ဆောင်များ၊ လက်တွေ့စိုက်ကွင်းများကို ကြည့်ရှုအားပေးကြပြီး လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

### မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁ - နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ မိုး/ဇလ

# သစ်တောဖုံးလွှမ်း အေးချမ်းကြစေရန်

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)



သစ်တောသစ်ပင်တို့သည် သဘာဝပတ်ဝန်းကျင်ကို အေးမြစေသည်။ စိမ်းလန်းစိုပြည်စေသည်။ ဥတုရာသီကိုမျှတစေပြီး နွေအပူချိန်များမြင့်တက်နေမှုကို လျော့ပါးစေသည်။ မြေဆီလွှာ၏ အစိုဓာတ်ကို ထိန်းညှိပေးသဖြင့် မြေဆီလွှာပျက်စီးပြုန်းတီးမှုကို ကာကွယ်ပေးသည်။ သစ်ပင်၏အမြစ်များက မြေပြိုမှု၊ တောင်ပြိုမှုများကို ကာကွယ်ပေးထားသည်။ ပင်စည်ကြီးမား၍ အမြစ်ခိုင်သော သစ်ပင်ကြီးများက လေဘေးဒဏ်၊ မုန်တိုင်းဒဏ်တို့ကို ကာကွယ်ပေးသည်။ လေကာပင်များ၊ အရိပ်ရပင်များ ဖြစ်ကြသည်။ လမု၊ ကနစိုတော၊ ဒီရောက်တောများက ဆူနာမီခေါ် ထူးကဲဒီလှိုင်းကြီးများကို ကာကွယ်ပေးသည်။ ဤမြဲနိတော၊ ရွှံ့နွံတောများကလည်း ဇီဝမျိုးကွဲများကို ထိန်းသိမ်းပေးနေပါသည်။

"ရာသီဥတုတောကိုမှီ၏။ သစ်တောသစ်ပင်စိုက်ပျိုးလျှင်အစဉ်အေးချမ်းသည်။တိုက်တာအဆင့်ဆင့် မိုးထိမြင့်လည်း၊ ပန်းနှင့်သစ်ပင် မတွေ့မြင်က ဝန်းကျင်ခြောက်ခန်းစိတ်ပင်ပန်း၏" စသည့်နှိုးဆော်ချက်များကို သတင်းစာများတွင်မကြာခဏတွေ့မြင်နေကြရပါသည်။ မှန်ပါသည်သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်အတွက် မရှိမဖြစ် လိုအပ်နေပါသည်။ သဘာဝ သစ်တောကြီးများ၊ ထိန်းသိမ်းစိုက်ပျိုးထားသော ကြိုးဝိုင်းသစ်တောများ၊ ကျေးရွာသုံးထင်းတော၊ ပြန်လည်စိုက်ပျိုးထားသည့်သစ်ပင်များသည် အမိပြည်မြန်မာတွင် ရှိနေကြပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရန်အတွက် နိုင်ငံ့ဧရိယာ၏ (၃၀)ရာခိုင်နှုန်းကို သစ်တောနယ်မြေအဖြစ်လည်းကောင်း၊ (၁၀)ရာခိုင်နှုန်းကို သဘာဝနယ်မြေအဖြစ်လည်းကောင်း သတ်မှတ်ဖွဲ့စည်းနိုင်ရေးအတွက် စီမံကိန်းများချမှတ်၍ အလေးထားဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသကြီးတွင် သစ်တောဖုံးလွှမ်းမှုအများဆုံးဖြစ်ပြီး ၃၄၄၂၃၇ စတုရန်းမီတာခန့် (နိုင်ငံ၏ ၅၀ ဒသမ ၈၇ ရာခိုင်နှုန်းခန့်) ဖုံးလွှမ်းနေသည်ဟု ဖော်ပြချက်များရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အမျိုးမျိုးတွင် အမျိုးအစားမတူညီသော သစ်တောကြီးများက ဖုံးလွှမ်းနေကြသည်။ ယင်းတို့ ပေါက်ရောက်သည့်ဒေသ၏ မြေဆီလွှာ၊ မိုးရွာသွန်းမှု၊ နွေအပူချိန်နှင့် မြေပြင်လက္ခဏာများအပေါ်တွင် အမှီပြု၍ပေါက်ရောက်နေကြပါသည်။

မြန်မာပြည်တောင်ပိုင်းနှင့် တောင်ပိုင်းစွန်းဒေသများတွင် အပူပိုင်းအမြဲစိမ်းသစ်တောကြီးများ အများအပြားပေါက်ရောက်နေသည်။ အရှေ့ပိုင်း၊ မြောက်ပိုင်းနှင့် အနောက်ဘက်တောင်တန်းဒေသများတွင် သမပိုင်းစွတ်စိုသစ်တောကြီးများ ပေါက်ရောက်၍ ယင်းဒေသများသည် ပျမ်းမျှအမြင့်ပေ ၉၀၀ မီတာထက်မြင့်သောနေရာများ ဖြစ်ကြပြန်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း ပူအိုက်ခြောက်သွေ့သောဒေသများတွင် အပူပိုင်းဖုံခြောက်သွေ့တောများ၊ ချုံပုတ်နှင့် ဆူးပင်များသာ ပေါက်ရောက်ပါသည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှတ်တမ်းများအရ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံ့ဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိခဲ့ပါသည်။၂၀၁၀ မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် ပျမ်းမျှသစ်တောပြုန်းတီးမှုသည် နိုင်ငံ့ဧရိယာ၏ (၀ ဒသမ ၉၆)ရာခိုင်နှုန်းခန့်ရှိပြီး နှစ်စဉ် ပျမ်းမျှဧက ခုနှစ်သိန်းကျော် ပြုန်းတီးနေကြောင်း သိရှိရပါသည်။ သို့ပါ၍ ဤကဲ့သို့သော သဘာဝသစ်တောကြီးများပြုန်းတီးမှုကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် အများပြည်သူတို့က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စုပေါင်း၍ တားဆီးကာကွယ်ပေးကြရန် လိုအပ်နေပါသည်။

သစ်တောကြီးများဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာရေး၊ ကြိုးဝိုင်း-ကြိုးပြင်သစ်တောများ တိုးချဲ့ဖွဲ့စည်းရေး၊သစ်တောစိုက်ခင်းများနှင့် ကျေးရွာသုံးစိုက်ခင်းများတည်ထောင်ရေးကို အလေးထား၍ဆောင်ရွက်ကြရပါမည်။ ထို့ပြင် ပြည်သူများသို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးမှုကိုလည်း ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးကြရပါမည်။ သဘာဝတောများ ထိန်းသိမ်းကာကွယ်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးကွဲများ ကာကွယ်စောင့်ရှောက်ရေး၊ တရားမဝင်သစ်ထုတ်ယူမှုများ တားဆီးခြင်း၊ မလိုအပ်ဘဲရွှေပြောင်း တောင်ယာများ ချဲ့ထွင်ခြင်း၊ မြေကွက်အသစ်များ ဖော်ထုတ်ခြင်း၊ တောမီးရှို့ခြင်း၊ သဘာဝပေါက်ရောက်ပင်များကို ဖယ်ရှားခြင်း၊ စသည်တို့၏ ဘေးထွက်ဆိုးကျိုးများကို ပြည်သူတို့ နားလည်သဘောပေါက်သည်အထိ ပညာပေးကြရန် လိုအပ်ပါသည်။

အများပြည်သူက သစ်တောသစ်ပင် ချစ်ခင်လာကြစေရန် လိုအပ်ပါသည်။ သစ်တောသစ်ပင်များ၏အကျိုးကျေးဇူးများကိုလည်း နားလည်သဘောပေါက်စေရန် လိုအပ်ပါသည်။ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း၊ လူထုလှုပ်ရှားမှုတစ်ခုဖြစ်သော ဇူလိုင်လသစ်ပင်စိုက်ပျိုးခြင်း၊ "စိုက်ကြပျိုးကြ ဇူလိုင်လ" ဟူ၍ အားမာန်ဝင့်ချီ ကြွေးကြော်သံညီညီဖြင့် နိုင်ငံတစ်ဝန်း မြေလွတ် မြေရိုင်းများ ချန်မထားဘဲ သစ်ပင်စိုက်ပျိုးကြရန် ဖြစ်ပါသည်။

ပြည်သူ့အကျိုးပြု သစ်ပင်စိုက်ပျိုးခြင်းသည် အောက်ပါရည်ရွယ်ချက်များဖြင့် လုပ်ကိုင်ရသည်ကို ပြည်သူအများသိရှိကြစေလိုပါသည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ကြသည်။


* နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေးဆောင်ရွက်ပေးရန်
* တစ်နိုင်ငံလုံး၏ သစ်တောဖုံးလွှမ်းမှု ဧရိယာများပိုမိုများပြားလာစေရန်
* သဘာဝဂေဟစနစ်ကို ထိန်းညှိပေးရန်
* မြေဆီလွှာများ ပျက်စီးပြုန်းတီးမှုကို ကာကွယ်ပေးရန်
* တောင်ပြိုမြေပြိုခြင်းများမှ ကာကွယ်ပေးရန်
* ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဒီရေဝင်ရောက်မှုတားဆီးရန်
* ဆားငန်ရေဖုံးလွှမ်းမှုကို ကာကွယ်ပေးရန်
* ကျေးရွာသုံးထင်းတောကြီးများ ထာဝရရှင်သန်နေစေရန်တို့ ဖြစ်ကြသည်။

ဤတာဝန်များကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စီမံကိန်းများ အဆင့်ဆင့်ချမှတ်လျက် (SOP=Standard Operation Procedure)များအတိုင်း စနစ်တကျလုပ်ဆောင်နေသည်ကို အားပါးတရတွေ့မြင်ရပါသည်။ ၂၀၂၄ ခုနှစ် ပထမသုံးလအတွင်း ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တော(၂၅ ဒသမ ၈၈) ရာခိုင်နှုန်းနှင့် သဘာဝနယ်မြေ (၆ ဒသမ ၄၂) ရာခိုင်နှုန်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ကျန်ရှိသော ဧရိယာများ တိုးချဲ့ဖွဲ့စည်းရေးကို ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ အမျိုးသားစီမံကိန်းဥပဒေပါ သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုလျာထားချက်အပေါ် ပြည့်မီအောင်အတွက်လည်း အကောင်အထည် ဖော်ဆောင်လျက်ရှိပါသည်။

သစ်တောဖုံးလွှမ်းမှုကောင်းမွန်လာရေး၊ နိုင်ငံအတွင်း သစ်တောဖုံးလွှမ်း၍ အေးချမ်းမှုရရှိကြစေရေး၊ သစ်တောသယံဇာတပေါကြွယ်ဝ၍ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ယခုနှစ် ၂၀၂၄ မိုးရာသီတွင် သစ်ပင်မျိုးစုံ ၂၂ သန်းကျော် စိုက်ပျိုးရန်လျာထား ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းကြီးများ၊ လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူတို့၏ အစုအဖွဲ့စိုက်ခင်းများ၊ တစ်ရွာ ၂ ဧကစိုက်ပျိုးခြင်းနှင့် ပျိုးပင်များကို လူထုသို့ ဖြန့်ဝေစိုက်ပျိုးခြင်းကို သတ်မှတ်ကာလတွင် ပြီးမြောက်အောင်လုပ်ဆောင်နေသည်ကိုလည်း အားပါးတရကြားသိရပါသည်။

သစ်တော သစ်ပင် ချစ်ခင်သည့်လူမျိုး၊ သစ်တောဖုံးလွှမ်းအေးချမ်းကြပါစေ။ ဥတုရာသီမျှတစွာ အေးမြသာယာ အရိပ်ဖြာသည့်၊ ချစ်သောဤကမ္ဘာထာဝရဖြစ်ရပါလို၏။

သစ်တောသစ်ပင်ထိန်းသိမ်းမှု၏ အကျိုးကျေးဇူးများကို ရေးသားအပ်ပါသည်။




သစ်တောသစ်ပင်များ၏ အကျိုးနှင့်အပြစ်ဆက်သွယ်နေမှုများပြသပုံ

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## MADAME WEB ရုပ်ရှင် အရှုံးပေါ်ခဲ့ခြင်းမှာ ပရိသတ်ကြောင့်ဟု ပြောကြားထား

ဟောလီဝုဒ်ရုပ်ရှင်သမိုင်း တစ်လျှောက် အောင်မြင်ခဲ့သည့် Super Hero ရုပ်ရှင်များ ရှိသကဲ့သို့ အရှုံးပေါ်ခဲ့သော ရုပ်ရှင်များလည်းရှိရာ Madame Web လည်း ပါဝင်ခဲ့ပြီး သရုပ်ဆောင်တစ်ဦးက ပရိသတ်ကြောင့်ဟု ပြောကြားထားသည်ဟု ဟောလီဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

၂၀၂၄ခုနှစ်စတွင် ပြသခဲ့သော အဆိုပါဇာတ်ကား အောင်မြင်မှုမရရှိခဲ့ခြင်း အကြောင်းပြချက်ကို Madame Web ရုပ်ရှင်ထဲမှ Spider Man အမေဖြစ်သူ အီမာရောဘတ်က ပရိသတ်ကြောင့်ဟု ပြောကြားခဲ့သည်။

အီမာရောဘတ်က Variety သတင်းဌာန အင်တာဗျူးတွင် ထိုရုပ်ရှင်ကို အရမ်းချစ်ကာ အရမ်းကြည့်လို့ကောင်းပြီး သရုပ်ဆောင်များလည်း တော်ကြ၍ ဒါရိုက်တာ အက်စ်ဂျေကလပ်ဆန် ကောင်းစွာဖန်တီးထားခဲ့ခြင်းကြောင့် ပါဝင်ခဲ့ရာမှ အင်တာနက်ယဉ်ကျေးမှုကသာ အရာရာကို ဟာသလုပ်သည့် အကျင့်မရှိခဲ့လျှင် တစ်မျိုးတစ်ဖုံဖြစ်လိမ့်မည်ဟု ပြောကြားသွားခဲ့သည်။(SKY)

## BTS မှ Jin@Kim Seok Jin က Weverse မဂ္ဂဇင်းနှင့် Interview ပြုလုပ်ထား

BTS အဖွဲ့ဝင် Jin ခေါ် Kim Seok Jin ကို Weverse မဂ္ဂဇင်းမှ Interview ပြုလုပ်ခဲ့ရာ သူပြုလုပ်ထားသောအရာများအားလုံးမှာ ချစ်ခြင်းမေတ္တာကြောင့်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Interview တွင် သင်တန်းပြီးဆုံး၍ BTS Festa လုပ်ရခြင်းမှာ လုပ်ရမည့်အရာကို လုပ်ခဲ့ခြင်းဖြစ်ပြီး ပြင်ဆင်ချိန်မရှိ၍ ခက်ခဲသော်လည်း ချစ်ခြင်းမေတ္တာဖြင့်သာ လုပ်ခဲ့ရာ သူချစ်



သော ပရိသတ်ကို စောင့်နေပေး၍ ကျေးဇူးတင်စွာဖြင့် အကောင်းဆုံးလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဤသို့ ပြုလုပ်ခြင်းဖြင့် ပျော်ရွှင်ခဲ့ရပြီး BTS ၏ အစိတ်အပိုင်းတစ်ခုဖြစ်ခွင့်ရခြင်းမှာလည်း အမာခံပရိသတ် ARMY များကြောင့်သာဖြစ်ကာ (၁၁)နှစ်တိုင်တိုင် အားပေးမှုကို ကျေးဇူးတင်ပြီး သူတို့ကို ပြုံးပျော်စေချင်ကာ အတတ်နိုင်ဆုံး ကြိုးစားပေးခဲ့သည်ဟု ပြောခဲ့သည်။

အနာဂတ်တွင်လည်း ပရိသတ်များအတွက်သာ ပေးဆပ်ထား၍ အနားယူချိန်မရှိဘဲ အနုပညာလုပ်ငန်းသစ်များစွာကို လက်ခံလုပ်ဆောင်နေသည်ဟု Interview တွင် Jin က ပြောကြားသွားခဲ့သည်။ (SKY)



## ပဲပိစပ်ထုတ်ကုန်အသီးသီးကို ကလေးများစားသုံးလျှင် မှတ်ဉာဏ်နှင့် တတ်မြောက်မှုစွမ်းရည် တိုးတက်စေမည်

ပဲနို့၊ ပဲပြားစသော ပဲပိစပ်ထုတ်ကုန်အသီးသီးကို ကလေးသူငယ်များ စားသုံးလျှင် ၎င်းတို့၏ မှတ်ဉာဏ်နှင့် တတ်မြောက်မှုစွမ်းရည် တိုးတက်စေမည်ဖြစ်သည်ဟု အမေရိကန်အာဟာရဗေဒပညာရှင်များ မကြာသေးမီက ထပ်မံဖော်ထုတ်အတည်ပြုနိုင်ခဲ့ကြောင်း သိပ္ပံနှင့်နည်းပညာဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


အီလီနွိုက်စ်တက္ကသိုလ်မှ အာရုံကြောသိပ္ပံဘာသာရပ်ဆိုင်ရာ ပါရဂူတန်းမှ အတ်ဂျလာဘရစ္စတီနာ ဦးဆောင်သော အာဟာရဗေဒသုတေသီများသည် ယင်းပဲပိစပ်ထုတ်ကုန်များထဲ၌ ပါဝင်သော အိုင်ဆိုဖလာဗုန်းဓာတ်၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ အသက်၇နှစ်နှင့်၁၃နှစ်အကြား ကလေးသူငယ်များကို စူးစမ်းလေ့လာခဲ့ခြင်းဖြစ်သည်။

ထိုသို့လေ့လာရာမှ အဆိုပါအာဟာရဓာတ်က ကလေးသူငယ်များ၏ မှတ်ဉာဏ်နှင့် သင်ယူတတ်မြောက်မှုစွမ်းရည်ကို တိုးတက်စေမည်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

SCI

## Bruno Mars အပါအဝင် ကမ္ဘာကျော်အနုပညာရှင်များ Grammy ရပြီး အနုပညာကြေးတိုးသွား

ကမ္ဘာကျော်အနုပညာရှင်များ ဖြစ်ကြသည့် ဟောလီဝုဒ်မှ အနု



ပညာရှင်များ Grammy ဆုရရှိပြီးနောက် အနုပညာကြေးများ တိုးမြှင့်ရရှိကြရာတွင် Bruno Mars လည်း ပါဝင်သည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Grammy သရဖူမှာ ရွှေအစစ်မဟုတ်ဘဲ ဂရမ်မီယမ်သတ္တုတစ်မျိုးကို ရွှေရည်စိမ်ထားခြင်းဖြစ်ပြီး ဂရမ်မီအရုပ်ကို ရောင်းချခွင့်မရှိဘဲ Charity အနေနှင့် လေလံပစ်၍ ပြတိုက်ပို့ခြင်းမျိုးကို လက်ခံကာ ပြန်ရောင်းလျှင် ဂရမ်မီဘုတ်အဖွဲ့က လက်ခံ၍ Oscar ဆုကဲ့သို့ အမေရိကန် တစ်ဒေါ်လာရသည်။

အခိုကမှာ အနုပညာကြေးတက်ခဲ့သည်ဟု မဂ္ဂဇင်းများတွင် ဖော်ပြချက်အရ ဂရမ်မီဆုရ အဆိုတော်မှာ ကြေးပိုရခဲ့ကာ ၂၀၀၄ခုနှစ် တစ်ကိုယ်တော်ဂီတနှင့် Grammy ဆုရခဲ့သည့် Beyonce၊၂၀၁၀ခုနှစ်တွင် ဆုရရှိခဲ့သည့် Taylor Swift တို့မှာ အနုပညာကြေး မြင့်မားစွာရရှိခဲ့ကာ Bruno Mars လည်း ပါဝင်ခဲ့သည်။

ထုတ်လုပ်သူ David Banner လည်း Grammy ဆု ရရှိအပြီး အနုပညာကြေး နှစ်ဆမြင့်တက်ခဲ့သည်။ (SKY)

## "Rock Star Lisa ကို တကယ် ကျေးဇူးတင်ပါသည်" ဟု ထိုင်းပြည်သူများ ဂုဏ်ပြုထား

ထိုင်းလူမျိုး K Pop အနုပညာရှင် Lisa ကို ထိုင်းပြည်သူများက ထိုင်းနိုင်ငံ၏ ဂုဏ်ကို မြှင့်တင်ပေးသူဖြစ်၍ AD Billboard နှင့် ဘန်ကောက်မြို့တွင် ဆိုင်းဘုတ်တင် ဂုဏ်ပြုပေးထားရာ "Rock Star Lisa ကို တကယ် ကျေးဇူးတင်ပါသည်" ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Billboard ကို ဘန်ကောက်မြို့ Yao warat လမ်းမပေါ်ရှိ Rock Star AR Music Video ထဲမှ Intro Part မှ အဆောက်အအုံပေါ်တွင် ပြသထားရာ Lisa ၏ ကုမ္ပဏီ LLOUD မှ စီစဉ်ထားခြင်း မဟုတ်ဘဲ Yao warat လမ်း (China Town)တွင် နေထိုင်



သည့် ထိုင်းလူမျိုးများက ကျေးဇူးတင်၍ စီစဉ်ပေးထားခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၏ဂုဏ်ကို အစဉ်မြှင့်တင်ပေးခဲ့သဖြင့် ယင်းစာတန်းနှင့် ဂုဏ်ပြုပေးထားရာ Rock Star AR MV ထဲမှ Intro Part ပုံထဲတွင်ပါသည့် ဓာတ်တိုင်နားမှ စက်ဘီးသည် ထိုင်းအမျိုးသားတစ်ဦး၏ စက်ဘီးဖြစ်ပြီး ဂီတ Video ရိုက်ကူးစဉ်က မေ့ကျန်ခဲ့ခြင်းဖြစ်၍ ပုံထဲတွင် ပါဝင်သွားသည်ဟု သိရသည်။ (SKY)

## Lee Kwang Soo က Divorce Insurance ဇာတ်လမ်းတွဲ ရိုက်ကူးထား

ပရိသတ်အချစ်တော် သစ်ကုလားအုတ် ခေါ် Lee Kwang Soo သည် Running Man အဖွဲ့မှ ထွက်ခွာခဲ့ပြီးနောက် သရုပ်ဆောင် အနုပညာလောကသို့ ဝင်ရောက်လာကာ Divorce Insurance တွင် မင်းသား Lee Dong Wook နှင့်အတူ ပါဝင်ရိုက်ကူးထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘီလီအင်န်၏ ဒရမ်မာကားသစ်တွင် မင်းသား Lee Dong Wook နှင့်အတူ Lee Kwang Soo ကို မြင်တွေ့ကြရမည်ဖြစ်ပြီး အာမခံရုံးဝန်ထမ်းတစ်ဦးအဖြစ်



ပါဝင်ထားသည်။

အဆိုပါဇာတ်လမ်းတွဲတွင် ကွာရှင်းထားကြသော လင်မယားများအတွက် အမှတ်တရ ပစ္စည်းပြုလုပ်ရောင်းချရန် စီစဉ်နေသည့် အာမခံကုမ္ပဏီတစ်ခုအကြောင်း ရိုက်ကူးထားရာ Lee Dong Wook မှာ သုံးကြိမ်ကွာရှင်းထားသည့် အတွေ့အကြုံရှိသည့် ရုံးဝန်ထမ်းအဖြစ် ပါဝင်ထား၍ ပရိသတ်များ လှုပ်ရှားကြီးအတွက် အားပေးရန် အသင့်ဖြစ်နေကြသည်။ (SKY)

## G Dragon ၏ ဖုန်းသံပါ၍ ကိုရီးယားရသစုံ အစီအစဉ် A Glass of Rice or Have a Meal ကြည့်ရှုသူမြင့်မားခဲ့

ကိုရီးယားရသစုံ အစီအစဉ်တစ်ခုဖြစ်သည့် A Glass of Rice or Have a Meal တွင်



G Dragon ၏ အိပ်ချင်မူးတူးအသံနှင့် ဖုန်းပြောပေးခဲ့သဖြင့် TVN ထုတ်လွှင့်မှုတွင် အပိုင်းရှစ်၌ ကြည့်ရှုသူမြင့်မားခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

G Dragon ၏ မျက်နှာမမြင်ရဘဲ စကားငါးခွန်းသာ ဝင်ပြောပေးရုံဖြင့် ယင်းအစီအစဉ်အပိုင်းရှစ်မှာ ကြည့်ရှုမှုမြင့်မားစွာရရှိခဲ့သဖြင့် G Dragon ၏ အရှိန်မှာ ကြီးမားခဲ့သည်။

အဆိုပါအစီအစဉ်တွင် ပါဝင်သော ထိပ်တန်းမင်းသမီး Kim Hee Sun က G Dragon ကြိုက်နှစ်သက်သော အနုပညာရှင်ဖြစ်ပြီး မင်းသမီးက G Dragon ကို ဖုန်းဆက်ခေါ်ခဲ့၍ အိပ်ချင်မူးတူးအသံနှင့် G Dragon က ပြန်လည်ဖုန်းပြောပေးခဲ့ခြင်းဖြစ်သည်။

G Dragon ဆိုသည်မှာ ပရိသတ်အချစ်တော် K Pop ဘုရင်ဟု သတ်မှတ်ခံထားရသူဖြစ်ကာ သဲသဲလှုပ်အားပေးမှု ရရှိထားသူဖြစ်သည်။ (SKY)

## ဒေါ်နယ်လ်ထရမ့် သမ္မတရွေးကောက်ပွဲအနိုင်ရလျှင် မြောက်ကိုရီးယား နျူကလီးယားဆွေးနွေးပွဲ ပြန်စနိုင်



**ဆိုးလ် ဩဂုတ် ၁**

၂၀၂၄ ခုနှစ် အမေရိကန် သမ္မတ ရွေးကောက်ပွဲ၌ ဒေါ်နယ်လ်ထရမ့် အနိုင်ရလျှင် မြောက်ကိုရီးယား နျူကလီးယားဆွေးနွေးပွဲ ပြန်စနိုင်ဖွယ်ရှိသည်ဟု ဝါရင့်မြောက်ကိုရီးယားသံတမန်ဟောင်း ရီအီလ်ဂျူက သုံးသပ်ပြောဆိုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၁၆ ခုနှစ်က ကျူးဘားနိုင်ငံတွင် တာဝန်ထမ်းဆောင်နေစဉ် တောင်ကိုရီးယားနိုင်ငံဘက်သို့ ဝင်ရောက်နိုင်ငံရေးခိုလှုံခဲ့သော ရီက ရိုက်တာသတင်းဌာနနှင့် ပထမဆုံးတွေ့ဆုံမေးမြန်းခန်း၌ ယင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်က အမေရိကန် သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်တို့ တွေ့ဆုံဆွေးနွေးရာတွင် မြောက်ကိုရီးယားအပေါ် ပိတ်ဆို့မှုများကို အကြောင်းပြု၍ နျူကလီးယား ဆွေးနွေးမည့်ကိစ္စ ပျက်ပြယ်ခဲ့ရသည်။

ယခုအကြိမ်တွင်မူ မြောက်ကိုရီးယားက ရုရှားနှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိပြီး နည်းပညာအထောက်အပံ့ရယူခဲ့သည်ဟု ထင်မြင်ယူဆနိုင်သော အခြေအနေမျိုးဖြစ်ပေါ်နေသဖြင့် အမေရိကန်ဘက်က မြောက်ကိုရီးယားကို ကောင်းစွာချုပ်ကိုင်လွှမ်းမိုးလာနိုင်ဖွယ်ရှိမည်ဟုလည်း ရီက ဆက်လက်ပြောကြားကြောင်း သိရသည်။

**Mon**

## မြောက်အမေရိက အရင်းရှင်ဝါဒက ဖိအားပေးလာလျှင် နည်းလမ်းသစ်ဖြင့် တွန်းလှန်မည်ဟု မာဒူရို သတိပေး



**ကရာကတ်စ် ဩဂုတ် ၁**

မြောက်အမေရိက အရင်းရှင်ဝါဒက ဖိအားပေးလာလျှင် လိုအပ်ပါက နည်းလမ်းသစ်ဖြင့် တွန်းလှန်ပစ်ရလိမ့်မည်ဟု ဗင်နီဇွဲလား သမ္မတ နီကိုလတ်စ်မာဒူရိုက ဇူလိုင် ၃၁ ရက်က သတိပေးလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သမ္မတရွေးကောက်ပွဲတွင် ၎င်းအနိုင်ရသည့် မဲရလဒ်အပေါ် အတိုက်အခံ နိုင်ငံရေးအင်အားစုက မကျေမနပ်ဖြစ်ကာ လမ်းပေါ်ထွက်ပြီး လူစုလူဝေးဖြင့် ကန့်ကွက်လျက်ရှိသည်။

ယင်းကန့်ကွက်မှုကို ဗင်နီဇွဲလား အစိုးရက အင်အားသုံးထိန်းချုပ်ရန် ကြိုးစားနေစဉ် အမေရိကန်အမျိုးသားလုံခြုံရေးပြောခွင့်ရသူ ဂျွန်ကာဘီက ကြားဝင်ပြောဆိုခဲ့သဖြင့် မာဒူရိုက သတင်းစာရှင်းလင်းပွဲတွင် ထိုသို့ သတိပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



အလည်အပတ်ရောက်ရှိလာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်ကို စင်ကာပူဝန်ကြီးချုပ် လောရင့်စ်ဝေါင်းက ဇူလိုင် ၃၁ ရက်တွင် လက်ခံတွေ့ဆုံစဉ်။ **Mon**

## ပြည်တွင်းဝယ်လိုအားပမာဏ လျော့ကျလာရာမှ တောင်ကိုရီးယား၌ ကုန်ထုတ်လုပ်မှု နေးကွေးနေ

**ဆိုးလ် ဩဂုတ် ၁**

မိမိတို့နိုင်ငံ၌ ပြည်တွင်းဝယ်လိုအားပမာဏ လျော့ကျလာရာမှ စက်ရုံများ၏ ကုန်ထုတ်လုပ်မှု နှေးကွေးနေသည်ဟု ဇူလိုင်လကုန်ပိုင်းတွင် ထွက်ပေါ်လာသော တောင်ကိုရီးယားပုဂ္ဂလိကကဏ္ဍ စစ်တမ်း၌ ရေးသားထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အာရှတိုက်၏ စတုတ္ထမြောက် စီးပွားရေးအင်အားအကြီးဆုံးဖြစ်သော တောင်ကိုရီးယားနိုင်ငံ၌ ဇွန်လအထိ ၂၆ လတိုင်တိုင် ဝယ်ယူမှုအညွှန်းကိန်း ၅၂ ရှိနေခဲ့ရာမှ ဇူလိုင်လတွင် ၅၁ ဒသမ ၄ သို့ ကျဆင်းသွားခဲ့သည်။

သို့ရာတွင် တောင်ကိုရီးယားမှ အထူးသဖြင့် အမေရိကန်၊ ဂျပန်နှင့် အရှေ့တောင်အာရှသို့ တင်ပို့ရောင်းချမှုပမာဏတိုးမြင့်နေဆဲဖြစ်ကြောင်း သိရသည်။

**Mon**



## ဟားမတ်စ်ခေါင်းဆောင် ဟာနီယဲ လုပ်ကြံခံရမှု အမေရိကန်အစိုးရနှင့် လုံးဝသက်ဆိုင်ခြင်းမရှိ

**စင်ကာပူ ဩဂုတ် ၁**



ဟားမတ်စ်ခေါင်းဆောင် အစ္စမေးလ်ဟာနီယဲ လုပ်ကြံခံရမှု အမေရိကန်အစိုးရနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်က ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုသတင်းဌာနက စင်ကာပူနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကို တွေ့ဆုံမေးမြန်းစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဇူလိုင် ၃၀ ရက်က တီဟီရန်မြို့တော် ပါလီမန်ခန်းမဆောင်၌ ကျင်းပသော အီရန်သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဟူသီသူပုန်ခေါင်းဆောင်များ၊ ဟစ်ဇဘိုလာခေါင်းဆောင်များနှင့်အတူ ဟာနီယဲ တက်ရောက်ခဲ့သည်။

ဇူလိုင် ၃၁ ရက်တွင် ၎င်းတည်းခိုသောနေရာ၌ ဒုံးလက်နက်တစ်စင်းက ၎င်းကို တည့်တည့်မတ်မတ် ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဟားမတ်စ် ပြောခွင့်ရသူ ခါလီယ်အယ်လ်ဟေယာက ထုတ်ဖော်ပြောကြားသည်။

အခင်းမဖြစ်မီ နာရီအနည်းငယ်အလိုတွင် အစ္စရေးက ဟစ်ဇဘိုလာခေါင်းဆောင် ဖူအတ်ရှူခါကို ဘေရွတ်မြို့၌ အောင်မြင်စွာ လုပ်ကြံသတ်ဖြတ်နိုင်ခဲ့သည်ဟု ထုတ်ဖော်ကြေညာခဲ့ကြောင်း သိရသည်။ **Mon**

## ဆော့ဖ်ဝဲ တိုးမြှင့်မှု အမှားအယွင်းကြောင့် ခရောက်စထရိုက်ကုမ္ပဏီ တရားစွဲဆိုခံရ

**ဝါရှင်တန် ဩဂုတ် ၁**

လွန်ခဲ့သော ဇူလိုင် ၁၉ ရက်က အမေရိကန်အခြေစိုက် ခရောက်စထရိုက် ကုမ္ပဏီ၏ ဆော့ဖ်ဝဲတိုးမြှင့်မှုအမှားအယွင်းကြောင့် တစ်ကမ္ဘာလုံးရှိ ကွန်ပျူတာအလုံးရေပေါင်း ၈ ဒသမ ၅ သန်း နာရီအနည်းငယ်ကြာ ရပ်တန့်သွားခဲ့သည်။

အကျိုးဆက်အားဖြင့် ကွန်ပျူတာကွန်ရက်ဖြင့် ချိတ်ဆက်ထားသော အစုရှယ်ယာဈေးကွက်များ၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ ခရီးသည်တင်လေကြောင်းလိုင်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ရပ်တန့်သွားကာ ဝန်ဆောင်မှုရယူနေသူပေါင်း သန်းနှင့်ချီ၍ ထိခိုက်နစ်နာခဲ့ရသည်။

ဇူလိုင်လနှောင်းပိုင်း မရောက်မီ အဆိုပါကုမ္ပဏီ၏ အစုရှယ်ယာတန်ဖိုးသည် ၃၂ ရာခိုင်နှုန်းအထိ လျော့ကျသွားရာ ဈေးကွက်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း နှစ်သောင်းငါးထောင်ခန့် ဆုံးရှုံးခဲ့ရသည်။

ထိုနစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ ခရောက်စထရိုက်ကုမ္ပဏီအနေဖြင့် အစုရှယ်ယာဝင်များ၏ တရားစွဲဆိုခြင်းခံထားရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မိမိတို့၏ လျစ်လျူရှုမှု၊ ပေါ့လျော့မှုကြောင့် ထိုအမှားအယွင်းဖြစ်ရခြင်းမဟုတ်ဟု ကုမ္ပဏီဘက်က တုံ့ပြန်ငြင်းဆိုထားကြောင်း သိရသည်။

**Mon**




## ကလေးအကသင်တန်းသူ သုံးဦးကို သတ်ဖြတ်သည့် လူငယ် လူသတ်မှုဖြင့် တရားစွဲဆိုခြင်းခံထားရသည်ဟု ဆို

**လန်ဒန် ဩဂုတ် ၁**

ဇူလိုင် ၂၉ ရက်က ဗြိတိန်နိုင်ငံ အင်္ဂလန်မြောက်ပိုင်း လီဗာပူးလ်မြို့အနီးရှိ မာဆေးဆိုက်မြို့၌ဖြစ်ပွားသော ဓားထိုးတိုက်ခိုက်မှုတွင် ကလေးအကသင်တန်းသူ သုံးဦးကို သတ်ဖြတ်သည့် အသက် ၁၇ နှစ်အရွယ်လူငယ် လူသတ်မှုဖြင့် တရားစွဲဆိုခြင်းခံထားရသည်ဟု ဒေသခံရဲတပ်ဖွဲ့က ဇူလိုင် ၃၁ ရက်တွင် သတင်းထုတ်ပြန်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဓားထိုးခံရပြီး သေဆုံးသွားသည့် ကလေးသုံးဦးမှာ အသက်ခြောက်နှစ်အရွယ် ဘီဘီကင်း၊ အသက် ခုနစ်နှစ်အရွယ် အယ်လ်ဆီဒေါ့စတန်ကွမ်ဘီနှင့် အသက်ကိုးနှစ်အရွယ် အဲလစ်ဒါဆီလ်ဗာ အဂွီရာတို့ ဖြစ်သည်။

အခင်းဖြစ်နေရာတွင် အခြားကလေးငယ် ရှစ်ဦးနှင့် လူကြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ရာ ၎င်းတို့အနက် အချို့မှာ အသက်အန္တရာယ်စိုးရိမ်နေရဆဲဖြစ်ကြောင်း ရဲဌာန ပြောခွင့်ရသူက ဆိုသည်။

လူကြီးနှစ်ဦးမှာ ကလေးများ ဓားထိုးတိုက်ခိုက်ခြင်းမခံရအောင် ပိတ်ဆို့ကာကွယ်ပေးရာမှ ဓားထိုးမိပြီး ဒဏ်ရာရခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောသည်။

အသက်မပြည့်သေးသဖြင့် အမည်သိခွင့်မရသော ဓားထိုးတိုက်ခိုက်မှုကျူးလွန်သူကို လူသတ်မှု၊ လူသတ်ရန်ကြံစည်အားထုတ်မှုများဖြင့် အမှုဖွင့်တရားစွဲဆိုထားသည်ဟု မာဆေးဆိုက်-ချက်ရှ်ရှိုင်းယားနယ် ဒုတိယ အစိုးရရှေ့နေချုပ် အွာဆူလာဒ္ဒိုင်းက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ **Mon**







## အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ပန်းတောင်း)၌ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာအသိပညာပေး ဟောပြော

**ကျောက်ပန်းတောင်း ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ စုဝေးခန်းမတွင် ပြုလုပ်သည်။ (ဓါတ်ပုံ)

အခမ်းအနားတွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ပန်းတောင်း)မှ ဒုတိယကျောင်းအုပ်ကြီး ဦးဟန်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး၊ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အကြောင်းအရာများကို ကျောက်ပန်းတောင်းမြို့မ ရဲစခန်း၊ စခန်းမှူး ဒုတိယရဲမှူး အောင်ကျော်ထွန်းက အသိပညာပေးဟောပြောရာတွင် လတ်တလော လူမှုကွန်ရက်ကို အသုံးပြု၍ ဖြစ်ပေါ်လာသည့် အွန်လိုင်း ငွေကြေးလိမ်လည်မှုများ များပြားလာကြောင်းနှင့် ၄င်းတို့မှ ဆက်သွယ်လာသည့် နည်းလမ်းများ၊ ကြိုတင်သတိထား ရှောင်ရှားရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ မူးယစ်ဆေးဝါး မြန်မာနိုင်ငံကို ရောက်ရှိလာပုံ သမိုင်းကြောင်းနှင့် မူးယစ်ဆေးဝါး၏ သဘောသဘာဝ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများ သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယရဲမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စာပေဌာနမှူး ဒေါ်မြင့်မြင့်သက်က ကျေးဇူးတင်စကား ပြောကြားပြီး၊ ဒုတိယရဲမှူးအား အမှတ်တရလက်ဆောင်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဒုတိယရဲမှူးနှင့် တာဝန်ရှိသူများ၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၅၆)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ




## တရားမဝင်ခဲသတ္တုများ၊ စက်သုံးဆီများ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၉ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုဆောင်ရွက်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Nestle Milo ၁၂၀၀ထုတ် အပါအဝင် ကုန်ပစ္စည်းသုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Bus တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၃၀ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန်၈၀၊ ဓာတ်ဆီ ၁၀၉ဂါလန်ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အပေါ်ဓါတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မော်လိုက် ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့၌ ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးကြစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသော လူငယ်နှင့်မူးယစ်ဆေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မိုးကောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မိုးကောင်းအခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကျော်က မူးယစ်ဆေးသုံးစွဲရခြင်း၏ ဆိုးကျိုးများနှင့် မူးယစ်ဆေးသုံးစွဲပါက ကျခံရမည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဝင်းက လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့်လည်းကောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်များဖြင့် ပြသထားသော နံရံကပ်စာစောင်များနှင့် ခင်းကျင်းပြသထားသော စာအုပ်များ၊ စာစောင်များကို လေ့လာဖတ်ရှုခဲ့ကြသည်။ အဆိုပါ ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ ရက် မွန်းတည့် ၁၂နာရီက သက်သေများနှင့်အတူ နောင်ချိုမြို့နယ်၊ ကျောင်းကုန်းကျေးရွာအနီးရှိ ယန်ဆန်ဆိုသူ၏ နေအိမ်ခြံဝင်းအား ဝင်ရောက်ရှာဖွေရာ ၄င်းနှင့်အတူ ယန်အင်ချီဆိုသူအားတွေ့ရှိပြီး ခြံဝင်းအတွင်း မြေကျင်းတူး၍ မြှုပ်နှံထားသည့် သံပီပါများအတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide ၁၃၅၀၀ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ယန်ဆန်(၃၉နှစ်)နှင့် ယန်အင်ချီ(၄၁နှစ်)ဆိုသူတို့အား ပိတ်ချင်းမြောင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ချောင်းရေကြီးမှုကြောင့် တံတားအချို့နှင့် အုတ်နံရံများ ပျက်စီးမှုဖြစ်ပွား

**လယ်ဝေး ဩဂုတ် ၁**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယမန်နေ့ နံနက်ပိုင်းက ပလွေးချောင်းရေမြင့်တက်လာပြီး ကျေးရွာအချို့တွင် တံတားနှင့် အုတ်နံရံများ ပျက်စီးမှုဖြစ်ပွားခဲ့သည်။ (အောက်ပုံ)

ပေတုံးမြောင်ကျေးရွာ-ဥဿျှစ်လှိုင်းကျေးရွာသွားလမ်းပေါ်ရှိ ဂုဏ်မင်းမြောင်ရွာအနီးရှိ အလျား ၃၀ ပေ၊ အနံ ၁၂ ပေ၊ အောက်ခံကွန်ကရစ်၊ သစ်သားခင်း တံတားတစ်စင်း၊ ဥဿျှစ်လှိုင်းရွာအဝင် အလျား ၁၈ ပေ၊ အနံ ၁၅ပေရှိ သစ်သားတံတားတစ်စင်းနှင့် အထက(ဥဿျှစ်လှိုင်း)ကျောင်း အုတ်နံရံ၊ ၁၀ပေခန်း နှစ်ခန်း ပျက်စီးသွားပြီး လူ၊ တိရစ္ဆာန် သေဆုံးမှုမရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မန္တလေးပြည်သူ့ဆေးရုံကြီး၌ ပြတ်တောက်သွားသော ညာလက်ညှိုးကို ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုအောင်မြင်

နေပြည်တော် ဩဂုတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်နေ အသက်(၂၉)နှစ်အရွယ် အမျိုးသားတစ်ဦးသည် မေ ၁၅ ရက် ညနေ ၄နာရီတွင် မိမိကိုယ်တိုင်ဓားနှင့် မတော်တဆထိခိုက်မိသောကြောင့် ညာဘက်လက်ညှိုး ပြတ်တောက်သွားသည့် ဒဏ်ရာရရှိခဲ့ပြီး ၎င်းကို စစ်ကိုင်းမြို့ပြည်သူ့ဆေးရုံကြီးမှ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ည ၈ နာရီ ၄၅ မိနစ်တွင် လွှဲပြောင်းပေးခဲ့သည်။







### အောင်မြင်စွာပြီးစီး

အဆိုပါပြတ်တောက်သွားသော လက်ညှိုးကို ပြန်လည်ဆက်ပေးသည့် ခွဲစိတ်မှုအား မန္တလေးပြည်သူ့ဆေးရုံကြီးရှိ လက်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်ကြီးများက ဆောင်ရွက်ပေးခဲ့ရာ မေ ၁၆ ရက်နံနက် ၄ နာရီခွဲတွင်အောင်မြင်စွာပြီးစီးခဲ့သည်။

မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လူနာရောက်ရှိလာသည်နှင့်တစ်ပြိုင်တည်း အရေးပေါ်ကုသမှုဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ပြုစုကုသမှုပြုလုပ်ပြီး လိုအပ်သော စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ပေးခဲ့သည်။ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာစည်သူ၊ အထူးကုဆရာဝန်ကြီး (လက်ပိုင်းဆိုင်ရာခွဲစိတ်) ဒေါက်တာ ဒယ်နီရယ်ကိုလေးနှင့် အထူးကုဆရာဝန်ကြီး(လက်ပိုင်းဆိုင်ရာခွဲစိတ်) ဒေါက်တာဖြိုးဆွေဝင်းတင်တို့၏ ကြီးကြပ်မှုဖြင့် ဆေးလက်တွေ့ပါရဂူ လက်ပိုင်းဆိုင်ရာ(ခွဲစိတ်) ပထမနှစ်သင်တန်းသား ဒေါက်တာဇင်ကိုကိုဦး၊ လက်ထောက် ဆရာဝန်(အရိုး) ဦးဆောင်သော ခွဲစိတ်အဖွဲ့၊ ပါမောက္ခ/ဌာနမှူး (မေ့ဆေး) ဒေါက်တာ အေးအေးအေး၊ အထူးကုဆရာဝန် (မေ့ဆေး) ဒေါက်တာ ခိုင်မျိုးသွယ်တို့ ဦးဆောင်သည့် မေ့ဆေးအထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် သူနာပြု ဆရာမကြီး ဒေါ်လွင်မာသူတို့ ပါဝင်သောအဖွဲ့များပူးပေါင်း၍ ပြတ်တောက်သွားသော ညာဘက်လက်ညှိုးကို ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု (Replantation of index finger) ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

လူနာ၏လက်မှာ ခွဲစိတ်ပြီးချိန်မှစတင်၍ သွေးကြောများ ဖြည်းဖြည်းချင်း ပြန်လည်လှည့်ပတ်စီးလာပြီး လက်အခြေအနေမှာ ကောင်းမွန်သဖြင့် ဇွန် ၂၄ ရက်တွင် ဆေးရုံဆင်းခွင့်ပြုခဲ့သည်။

အဆိုပါလက်ပြတ်သွားသည့် လူနာကဲ့သို့ ပြတ်တောက်သွားသည့်လက်ကို ခွဲစိတ်ကုသမှုဆောင်ရွက်ရန်အတွက် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့မည်ဆိုပါက ပြတ်တောက်သွားသော လက်ကို ရေသန့်သန့် သို့မဟုတ် အကြောဆေးရည် (Normal Saline or Ringer Lactate) ဖြင့် ဆေးပြီး အကြောဆေးရည်ဖြင့် စိုစွတ်အောင်စိမ်ထားသော ခွဲစိတ်ခန်းသုံးအဝတ်စ (Gauze) ဖြင့် ပတ်၍ သန့်ရှင်းသော ပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ထည့်၍လည်းကောင်း၊ အကြောဆေးရည်ထည့်ထားသော သန့်ရှင်းသော ပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ထည့်၍လည်းကောင်း၊ လုံခြုံစွာ ပိတ်ပြီး ရေခဲထည့်ထားသော ရေခဲပုံးအတွင်း ထည့်၍ ၆ နာရီအတွင်း လွှဲပြောင်းပေးပို့နိုင်ပါက လူနာအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ko Thein Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက်နေ သိန်းဝင်းအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ "နွေရတီဦး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မုံပုလဲကျေးရွာနေ နုနုဝေအား မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း၊ "@sawyannaung 326"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်နေ စောနောင်အား ည ၇ နာရီ ၂၅ မိနစ်တွင် လည်းကောင်း၊ "Chaw Chaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကယားပြည်နယ် ဖရူဆိုမြို့နယ် ဒီးဒါးကူးရပ်ကွက်နေ ရီတာ(ခ)ချောချောအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ငပလီမြို့ ဂျိတ္တောရပ်ကွက်အတွင်းသို့ တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ် သုံးဦးအပါအဝင် ခြောက်ဦး သေဆုံးခဲ့ဟု လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၁

ရခိုင်ပြည်နယ် ငပလီမြို့ ဂျိတ္တောရပ်ကွက်ကို ပြီးခဲ့သည့် ဇူလိုင် ၂၈ ရက်တွင် တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ် သုံးဦး အပါအဝင် ဒေသခံပြည်သူ ခြောက်ဦး သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ငပလီမြို့နယ်မှ တာဝန်ရှိသူများထံ မေးမြန်းစုံစမ်းမှုများအရ မှန်ကန်မှုမရှိကြောင်း သိရှိရပြီး အကြမ်းဖက်သမားများအား အားပေးအားမြှောက်ပြုနေသည့် ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်၊ ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင် လုပ်ကြံရေးသားကာ မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသူများ ရိုက်နှက်ခံရဟု မဟုတ်မမှန်ရေးသား ဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၁

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသူ ၂၀ ခန့် ရိုက်နှက်ခံရဟူသော ခေါင်းစဉ်ဖြင့် RFA Burmese အမည်ခံ Facebook Page က ဇူလိုင် ၂၅ ရက်တွင် ပြည်သူလူထု အထင်အမြင် လွဲမှားစေရန် အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်အား စိစစ်ရာတွင် အကျဉ်းထောင်၏ စည်းမျဉ်းစည်းကမ်းများအရ အကျဉ်းသား အကျဉ်းသူများအား ညစဉ် ၉ နာရီတွင် အိပ်ချိန်အဖြစ်သတ်မှတ်ထားသော်လည်း ဇူလိုင် ၂၀ ရက်တွင် အမျိုးသမီး အိပ်ဆောင်(၁)ရှိ အကျဉ်းသူများအနက် အကျဉ်းသူလေးဦးတို့သည် သတ်မှတ်ပေးထားသော အိပ်ချိန်တွင် အိပ်စက်ခြင်းမရှိဘဲ စကားပြောနေကြသည်ကို တာဝန်ကျဝန်ထမ်းများက အိပ်စက်ရန် သွားရောက်ပြောဆိုသော်လည်း အိပ်စက်ခြင်းမရှိဘဲ အကြိမ်ကြိမ် သွားရောက်ပြောဆိုမှသာ ယင်းအကျဉ်းသူလေးဦးသည် အိပ်စက်သွားခဲ့ကြောင်း။

ထို့အပြင် ဇူလိုင် ၂၁ ရက် ညတွင်လည်း ယင်းအကျဉ်းသူလေးဦးတို့သည် အိပ်ဆောင် တာဝန်ခံက သတ်မှတ်ထားသောအချိန်တွင် အိပ်စက်ရန်နှင့် အကျဉ်းထောင်၏ စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန် သတိပေးပြောကြားသော်လည်း အကျဉ်းသူလေးဦးအနက်မှ အကျဉ်းသူနှစ်ဦးသည် အကျဉ်းထောင်ဝန်ထမ်းအား ရိုင်းပျစွာဖြင့် စည်းကမ်းများ မလိုက်နာနိုင်ကြောင်း ပြန်လည်ပြောဆိုသဖြင့် ယင်းအကျဉ်းသူနှစ်ဦးအား အိပ်ဆောင်ခွဲ၍ ထိန်းသိမ်းခြင်းသာဖြစ်ကြောင်း၊ အကျဉ်းသူများအား ဝိုင်းဝန်းရိုက်နှက်ခြင်းများ မရှိကြောင်း။

အဆိုပါ အကျဉ်းသူများသည် ရောဂါခံစားနေရသူများ မဟုတ်ဘဲ ကျန်းမာရေးကောင်းမွန်သူများဖြစ်သည့်အပြင် အကျဉ်းသူနှစ်ဦးအား ဝန်ထမ်းများက ထိခိုက်ဒဏ်ရာရရှိအောင် ရိုက်နှက် ခြင်းများမရှိသည့်အတွက် RFA Burmese ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

ဝေဝေဖြိုး




## လီဗာပူးအသင်းက အာဆင်နယ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လီဗာပူး ဩဂုတ် ၁**

နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ် အဖြစ် ယနေ့နံနက်ပိုင်းက လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက အာဆင်နယ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၃မိနစ်တွင် ဆာလာ၊ ပွဲချိန် ၃၄မိနစ်တွင် ကာဗယ်လ်ဟိုတို့က သွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် မိနစ်၄၀တွင် ဟာဗက်ဇ်က သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းသည် နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၄ရက်တွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## ဘရေရီတန်အား ၄နှစ်စာချုပ်ဖြင့် ဆောက်သမ်တန်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁**

ဆောက်သမ်တန်အသင်းသည် ဗီလာရီးရဲလ်အသင်း တိုက်စစ်မှူး ဘရေရီတန်အား လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အသက်(၂၅)နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဗီလာရီးရဲလ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆောက်သမ်တန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



ဆောက်သမ်တန်အသင်း ထုတ်ပြန်ချက်တွင် "ဘရေရီတန်အား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

**(ဝဲပုံ)**
**(NGB)**

## အီယန်နာချိုအား ဆီဗီလာအသင်း ခေါ်ယူ

**မက်ဒရစ် ဩဂုတ် ၁**

ဆီဗီလာအသင်းသည် လက်စတာစီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် တိုက်စစ်မှူး အီယန်နာချိုအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်ရှိ တိုက်စစ်မှူးသည် လက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၂ ပွဲကစားပြီး ၆၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆီဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဆီဗီလာအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အောက်ပုံ)**
**(NGB)**





## ယိုရို ခြေထောက်ဒဏ်ရာကြောင့် နှစ်လခန့်ထိ အနားယူရဖွယ်ရှိ

**မန်ချက်စတာ ဩဂုတ် ၁**

မန်ချက်စတာယူနိုက်တက်အသင်း နောက်ခံကစားသမားသစ် ယိုရို ခြေထောက်ဒဏ်ရာကြောင့် နှစ်လခန့်ထိ အနားယူရဖွယ် ရှိနေသည်။

အသက်(၁၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



နောက်ခံကစားသမား ယိုရိုသည် လက်ရှိဈေးကွက်အတွင်းမှ မန်ချက်စတာယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်း ထုတ်ပြန်ချက်တွင် ယိုရို ခြေထောက်ဒဏ်ရာကြောင့် နှစ်လခန့်ထိ အနားယူရမှာပါ။ သူ့ရဲ့ ဒဏ်ရာ အမြန်ဆုံးသက်သာပျောက်ကင်းဖို့လည်း မျှော်လင့်ပါတယ်"ဟု ထုတ်ပြန်သည်။

**(ဝဲပုံ) (NGB)**

## စတွာဟင်ညာပါဘလိုဗစ် အေစီမီလန်အသင်းတွင် ကျောနံပါတ် ၃၁ဂျာစီအား ဝတ်ဆင်ကစားမည်

**မီလန် ဩဂုတ် ၁**

နောက်ခံကစားသမားသစ် စတွာဟင်ညာပါဘလိုဗစ် အေစီမီလန်အသင်းတွင် ကျောနံပါတ် ၃၁ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသည် လက်ရှိဈေးကွက်အတွင်းတွင် ရက်ဘူးဆဲလ်ဘော့ဂ်အသင်းမှ အေစီမီလန်အသင်းသို့ ယူရို ၁၈သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။ **(ယာပုံ)**

နောက်ခံကစားသမား စတွာဟင်ညာပါဘလိုဗစ်သည် ရက်ဘူးဆဲလ်ဘော့ဂ်အသင်းနှင့် အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၈ ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၃)နှစ်အရွယ်ရှိ စတွာဟင်ညာပါဘလိုဗစ်က "ကျွန်တော် အေစီမီလန်အသင်းမှာ ကျောနံပါတ် ၃၁ ဂျာစီအား ဝတ်ဆင် ကစားသွားမှာပါ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ" ဟု ပြောသည်။ **(NGB)**





## ကော့မိုင်နာစ်အား ခေါ်ယူရန် ဂျူဗင်တပ်အသင်း ကမ်းလှမ်း

**တူရင် ဩဂုတ် ၁**

ဂျူဗင်တပ်အသင်းသည် အတ္တလန္တာအသင်း ကွင်းလယ်ကစားသမား ကော့မိုင်နာစ်အား ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အတ္တလန္တာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၉ပွဲကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အတ္တလန္တာအသင်းကလည်း ကော့မိုင်နာစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိမှသာ ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အတ္တလန္တာအသင်းထံမှ ကော့မိုင်နာစ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## 2024 Olympics တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Novak Djokovic တက်ရောက်

**ပဲရစ် ဩဂုတ် ၁**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Olympics တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ နာမည်ကျော် ဆားဘီးယား တင်းနစ်ကစားသမား Novak Djokovic တက်ရောက်ခဲ့သည်။

အဆိုပါ ဆားဘီးယား တင်းနစ်ကစားသမား Novak Djokovic သည် 2024 Olympics တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Dominik Koepfer အား ၇-၅၊ ၆-၃ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Olympics တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic နှင့် ဂရိတင်းနစ်ကစားသမား Stefanos Tsitsipas တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**



### ၂၀၂၄ ပါရီ အိုလံပစ် (ယူ-၂၃) ဘောလုံးပြိုင်ပွဲ (ကွာတားဖိုင်နယ်) ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂-၈-၂၀၂၄ သောကြာနေ့ | ည၇း၃၀ နာရီ | မော်ရိုကို - အမေရိကန် |
| ။ | ည၉း၃၀ နာရီ | ဂျပန် - စပိန် |
| ။ | ည၁၁း၃၀ နာရီ | အီဂျစ် - ပါရာဂွေး |
| ၃-၈-၂၀၂၄ စနေနေ့ | နံနက်၀၁း၃၀ နာရီ | ပြင်သစ် - အာဂျင်တီးနား |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ်-၁၊ ၂၊ ၃၊ ၄ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂-၈-၂၀၂၄ သောကြာနေ့ | ညနေ ၃း၃၀ နာရီ (ရန်ကုန်ကွင်း) | (၆)အားကာ/သိပ္ပံ - မြဝတီ(၈) (L,W,L,W) (L,L,W,D) | အားကာ/သိပ္ပံ ၂-၀ မြဝတီ; မြဝတီ ၂-၁ အားကာ/သိပ္ပံ |
| ။ | ညနေ ၄း၀၀ နာရီ (သုဝဏ္ဏကွင်း) | (၃)ဟံသာဝတီ - ဒဂုံစတား(၄) (W,W,D,W) (W,L,W,W) | ဟံသာဝတီ ၁-၀ ဒဂုံစတား; ဒဂုံစတား ၀-၃ ဟံသာဝတီ |

# ပြည်တွင်းသုံး ကုလားပဲအုပ်စု ပုံမှန်စျေးကွက်သာရှိနေပြီး ကုန်သည်များ အကျိုးအမြတ်နည်းနေ

ယခုနှစ်ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်စျေးကွက်သာရှိနေပြီး ကုလားပဲကုန်သည်များအကျိုးအမြတ်နည်းပါးသည့်နှစ် ဖြစ်ကြောင်း ပဲကုန်သည်များထံက သိရသည်။

ကုလားပဲသစ်ရာသီတွင် ဝယ်ယူထားသည့် ပေါက်စျေး၊ ငွေစျေးနှုန်း၊ ရွှေစျေးနှုန်းများဖြင့် တွက်ချက်ပါက အရင်းအနှီးများခဲ့သလို လက်ရှိပေါက်စျေးမှာလည်း အတက်အကျအနည်းငယ်နှင့် ပုံမှန်စျေးတန်းသာရှိသောကြောင့် ပဲကုန်သည်များ အကျိုးအမြတ်နည်းပါးနေခြင်း ဖြစ်သည်။

ပဲ၊ နှမ်း စျေးကွက်တွင် အခြားပို့ကုန်ပဲများနှင့် ဆီထွက်သီးနှံများသာ စျေးကောင်းရရှိနေပြီး ပြည်တွင်းသုံး ကုလားပဲအုပ်စုများမှာ အတက်အကျအနည်းငယ်သာရှိပြီး ပုံမှန်သာ အရောင်းအဝယ်ရှိနေခြင်းဖြစ်ကြောင်း၊ သကြင်္န်ကာလနှင့် သီတင်းကျွတ်ကာလ၊ ကထိန်ကာလများတွင်သာ အလှူအတန်းပွဲများကြောင့် အရောင်းအဝယ်ကောင်းလေ့ရှိပြီး ကြားကာလများတွင် ပုံမှန်သာ အရောင်းအဝယ်ရှိနေခြင်းဖြစ်ကြောင်း မန္တလေးပဲကုန်သည်တစ်ဦးက ပြောသည်။

"ပြည်တွင်းသုံးကုလားပဲတွေက မတ်၊ ဧပြီမှာ စျေးကွက်ထဲကို အသစ်ဝင်ရောက်ပါတယ်။ ကုလားပဲ အဝင်ကတော့ လျော့ကျတာမရှိဘဲ ပုံမှန်ဒေသအစုံက ဝင်ရောက်ခဲ့ပါတယ်။ ဒီနှစ်ကတော့ ကုလားပဲက စျေးတန်းငြိမ်ပါတယ်။ အတက်အကျနည်းနည်းနဲ့ပုံမှန်သာ အရောင်းအဝယ်ရှိပါတယ်။ ကုလားပဲလှောင်လက်သမားတွေ ဒီနှစ်အကျိုးအမြတ် သိပ်မရှိဘူးပြောလို့ ရပါတယ်။ ကုလားပဲစျေးကွက်က သင်္ကြန်ကာလမတိုင်မီ အများဆုံး ဝယ်ယူလှောင်လေ့ရှိပါတယ်။ ကုလားပဲအသစ်ပေါ်ပေါ်ခြင်း သင်္ကြန်ကာလမှာ စျေးတက်လေ့ရှိပါတယ်။ နောက်သီတင်းကျွတ်ကာလ၊ ကထိန်ကာလ အလှူအတန်းပေါချိန်မှာ စျေးတက်လေ့ရှိပါတယ်။ ကြားကာလမှာတော့ လိုရောင်း၊ လိုဝယ် ပုံမှန်သာ အရောင်းအဝယ်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ယခုနှစ်တွင် နယ်စျေးကွက်သို့ ရောင်းချမှုလျော့ကျသလို ပွဲလမ်းသဘင်များနည်းတာကြောင့် အရောင်းအဝယ်အေးနေခြင်း ဖြစ်သည်။

နှစ်စဉ်အောက်တိုဘာ၊ နိုဝင်ဘာတွင် ပြည်တွင်းပဲ လက်ကျန်နည်းလာတာနှင့် ဝယ်လိုအားအကောင်းဆုံးအချိန်ဖြစ်သည်။

ဇူလိုင် ၃၁ ရက် မန္တလေးပဲစျေးကွက်တွင် V2 ကုလားပဲ ၅၇ ဒသမ ၂၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ V7 ကုလားပဲ ၅၇ ဒသမ ၂၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀၊ ထိုင်ဝမ် ကုလားပဲ ၅၇ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၃၄၀၀၀၊ ၉၂၉ကုလားပဲ ၅၇ ဒသမ ၂၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ပေါက်စျေးရှိနေသည်။

ပြည်တွင်းသုံးကုလားပဲကို ဆောင်းစိုက်သီးနှံအဖြစ် အဓိကစိုက်ပျိုးပြီး မုံရွာ၊ ချောင်းဦး၊ ပခုက္ကူ၊ ရွှေဘို၊ ကျောက်ဆည်၊ ကူမဲ၊ သဲတော-ဝမ်းတွင်း၊ စလင်းဒေသမှ အများဆုံးထွက်ရှိသည်။

**ရွှေမန်း**





# ပြည်သူများအား သက်သာသောနှုန်းထားဖြင့် စားသုံးဆီများ ရောင်းချပေးလျက်ရှိ

**တံတားဦး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်သူများအား သက်သာသော နှုန်းထားဖြင့် စားသုံးဆီများကို စုရပ်နေရာအသီးသီးတွင် ဇူလိုင် ၃၁ ရက် နံနက် ၉နာရီမှစတင်ပြီး ရောင်းချပေးလျက်ရှိသည်။

တံတားဦးမြို့နယ်အနေဖြင့် ပြည်သူများအား သက်သာသော နှုန်းထားဖြင့် စားသုံးဆီများ ရောင်းချရာတွင် အိမ်ထောင်စုတစ်စုလျှင် စားသုံးဆီတစ်ပိဿာ ငွေကျပ် ၆၂၆၀ ဖြင့် ရောင်းချပေးကြောင်း၊ ထိုသို့ရောင်းချရာတွင် စားသုံးဆီ လာရောက်ဝယ်ယူရာတွင် မှတ်ပုံတင်မိတ္တူတစ်ခုနှင့် အိမ်ထောင်စုမိတ္တူတစ်ခု ပါရှိရမည် ဖြစ်သည်။

တံတားဦးမြို့နယ်၌ ဇူလိုင် ၃၁ရက်တွင် ဦးရန်အောင် စားသုံးဆီအရောင်းဆိုင်မှ ဆီပိဿာချိန် ၂၂၀ပိဿာ၊ ဦးသိန်းဝင်း စားသုံးဆီအရောင်းဆိုင်မှ ဆီပိဿာချိန် ၂၂၀ပိဿာ၊ ဦးအောင်ကျော်ငွေ စားသုံးဆီအရောင်းဆိုင်မှ ဆီပိဿာချိန် ၂၂၀ပိဿာ၊ ဦးတင်မိုးစားသုံးဆီအရောင်းဆိုင်မှ ဆီပိဿာချိန်၂၂၀ပိဿာနှင့်ဒေါ်သန်းသန်းဦးစားသုံးဆီအရောင်းဆိုင်မှ ဆီပိဿာချိန် ၃၃၀ ပိဿာတို့ကို နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း မြို့နယ်ဆီကုန်သည်များအသင်းထံမှ သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၀၉)**

# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကြံ့ခိုင်စွမ်းရည်(၅)မျိုး စစ်ဆေး ၊ စံချိန်အလိုက်ဆုများ ချီးမြှင့်

**မန္တလေး ဩဂုတ် ၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည် ၅မျိုးစစ်ဆေးခြင်းကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် ပြုလုပ်သည်။ သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက်ရှိသင့်သည့် ကြံ့ခိုင်စွမ်းရည်များပြည့်ဝစေရေးအတွက် နည်းစနစ်မှူးများက စစ်ဆေးကြသည်။

မွန်းလွဲ ၁ နာရီတွင် ကြံ့ခိုင်စွမ်းရည် ၅မျိုးစစ်ဆေးခြင်းမှ စံချိန်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ မြန်မာ့လက်ရွေးစင် ၁၁၀၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေ ၃၄ ခု၊ ငွေ ၄၇ ခု၊ ကြေး ၈၀ ခု စုစုပေါင်းဆုတံဆိပ် ၁၆၁ ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၅)**



# ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု (၉၈)ရာခိုင်နှုန်းခန့် ပြီးစီး လယ်ယာထွက်ကုန်များ စျေးကွက်တင်ပို့နိုင်မည်

**ပွင့်ဖြူ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လက်ပံချည်ပေါ် ကျေးရွာ၌ဒေသခံတောင်သူများ လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ၉၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းမှာ လမ်းအရှည် ၇ ဒသမ ၅၇၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ လမ်းအမြင့် ထုတစ်ပေ ၉ လက်မ၊ မြေနီကျောက်စရစ်လမ်း အမျိုးအစားကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းနှင့် Pipe Culvert ပေ ၂၀ တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၀၂၀ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူပြီး ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်ဖြင့် ယခုနှစ် ဇွန် ၄ ရက်က လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် လုပ်ငန်းပြီးစီးမှု ၉၈ရာခိုင်နှုန်းခန့် ဖောက်လုပ်ပြီးစီးပြီ ဖြစ်သည်။

ထိုသို့ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာ(၅)ရွာရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးလယ်မြေဧက ၁၅၀အတွက် ရာသီမရွေးအဆင်ပြေစွာ သွားလာစိုက်ပျိုးလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်းနှင့် လယ်ယာထွက်ကုန်သီးနှံများကိုလည်း စျေးကွက်သို့ အချိန်မီတင်ပို့ရောင်းချသွားနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်ထံက သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**



# ရေနံချောင်းမြို့နယ်တွင် ဝါဈေးကောင်း

**ရေနံချောင်း ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင်၂၀၂၄-၂၀၂၅ခုနှစ် မိုးရာသီတွင် ဝါဧကနှစ်ထောင်ကျော်အား လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စက်မှုသီးနှံဝါကို ရေနံချောင်းမြို့နယ် ကျေးရွာများတွင် အဓိက စိုက်ပျိုးကြသည်။

ယခင်နှစ်တွင် ဝါတစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀ ကနေ ၃၀၀၀ ဝန်းကျင် ရောင်းခဲ့ရပြီး ဝါစိုက်တောင်သူများအတွက် ဝါစျေးကွက်တွင် စျေးကောင်းရသည့်အပြင် ဝါစိုက်ပျိုးခြင်းမှ တွက်ခြေကိုက်ခဲ့ကြသည်။

ယခင်နှစ်က ဝါစိုက်ဧက ၁၇၈၂ စိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းရာတွင် ဧက ၁၇၈၂ ရိတ်သိမ်းပြီးစီးကာ တစ်ဧကအထွက်နှုန်း ပိဿာ ၅၆၄ ဒသမ ၅၅ ထွက်ရှိခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ခုနှစ်မိုးသီးနှံ ဝါဧက၂၄၂၀ လျာထားစိုက်ပျိုးလျက်ရှိကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(၄၇၂)**

## ရတနာပုံတက္ကသိုလ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေအကြောင်း သိကောင်းစရာများ (ပထမအကြိမ်) ပို့ချချက် ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး ဩဂုတ် ၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေအကြောင်း သိကောင်းစရာများ (ပထမအကြိမ်) ပို့ချချက် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာ ခင်မြို့၊ ဒေါက်တာ ခင်မော်မော်စိုး၊ ဒေါက်တာ ဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီမံရေးရာဌာန မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် ဒီမိုကရေစီအသိနှင့် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ အမျိုးသားရေး သွင်ပြင်များကို ထိန်းသိမ်းမှတ်သားလိုက်နာရမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ခင်မျိုးသန့်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအကြောင်းအရာများ၊ ရွေးကောက်ပွဲဥပဒေအကြောင်း သိကောင်းစရာများ၊ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ မဲဆန္ဒရှင်တစ်ဦး၏ အခွင့်အရေးများ၊ မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ၊ ကြိုတင်မဲပေးနိုင်သူများ၊ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ လိုက်နာရမည့်အချက်များ၊ ကြိုတင်ဆန္ဒမဲပေးခြင်းနည်းလမ်းများ၊ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် မဲမပေးဖြစ်သူများ၊ မဲဆန္ဒရှင်တစ်ဦး ဆောင်ရန်အချက်များ၊ မဲဆန္ဒရှင်တစ်ဦး မှတ်သားရန်အချက်များ စသည်တို့ကို ပို့ချဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **(ဝ၈၂)**



## မဒေးရေလှောင်တမံ ရေကျော်ကျမှု ဒေသခံပြည်သူများ စိုးရိမ်ရန်မလို

**ကံမ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်ရှိ မဒေးရေလှောင်တမံ၌ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ပင်မရေပိုလွှဲမှ ၀ ဒသမ ၈ ပေခန့် ဆည်ရေများ ကျော်ကျလျက်ရှိသော်လည်း ဆည်ရေပြည့်အမှတ် ကျော်လွန်သည့် သာမန်ရေကျော်အခြေအနေဖြစ်သည့်အတွက် ဆည်အောက်ပိုင်းရှိ ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်စရာမလိုကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မဒေးရေလှောင်တမံရှိ ပင်မရေပိုလွှဲမှ လက်ရှိ ဆည်ရေကျော်ကျမှုသည် သာမန်ရေကျော်အဆင့်သာဖြစ်ကြောင်း မဒေးရေလှောင်တမံ၏ရေပြည့်အမှတ်သည် ၄၃၄ ဒသမ ၀ ပေ ဖြစ်ပြီး ယနေ့ နံနက် ၆နာရီတိုင်း ထွာချက်အရ ယင်းတမံ၏ ဆည်ရေအမှတ်သည် ၄၃၄ ဒသမ ၈ ပေ သို့ရောက်ရှိခဲ့သည့်အတွက် ပင်မရေပိုလွှဲမှ ၀ ဒသမ ၈ပေခန့်ဖြစ်၍ ရေကျော် စီးဆင်းခဲ့ခြင်းဖြစ်သော်လည်း တမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ဆက်စပ်အဆောက်အအုံများအားလုံး ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာမလိုကြောင်း ဆည်ရေကျော်သည့်အချိန်တွင် ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်မှု မဖြစ်ပွားစေရန် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အဆင့်(၁)သတ်မှတ်ပြီး တမံရေပိုလွှဲ၊ ရေထုတ်ပြွန်၊ ရှင်းလင်းဆောင်နေရာများနှင့် တမံအောက်ဘက်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် အစိမ်းရောင်အလံ လွှင့်တင်ထားရှိပြီး ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း မဒေးရေလှောင်တမံအထက်ပိုင်းတွင် မိုးများအဆက်မပြတ် ရွာသွန်းပြီး တောင်ကျချောင်းရေများ စီးဆင်းဝင်ရောက်မှုကြောင့် ဆည်ရေကျော်ကျမှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ခင်ငြိမ်းချမ်းသာထံမှ သိရသည်။ **(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## ပြည်တွင်းမှ ပြောင်းတန်ချိန်တစ်သန်းကျော်ကို သုံးလအတွင်း ပြည်ပသို့ တင်ပို့

ပြည်တွင်းမှ ထွက်ရှိသော ပြောင်းများကို ပြည်ပသို့ တင်ပို့လျက်ရှိရာ ဈေးကောင်းရနေပြီး ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီမှ ဇွန်လအထိ ပထမသုံးလအတွင်း ပြောင်းတန်ချိန်တစ်သန်းကျော်ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများအရ သိရသည်။

ပြောင်းကို တရုတ်နှင့်ထိုင်းမှ အများဆုံးဝယ်ယူလျက်ရှိပြီး ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း များမှ တင်ပို့နေခြင်းဖြစ်သည်ဟု ပြောင်းကုန်သည်တစ်ဦးက ပြောသည်။

"ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွေကတစ်ဆင့် တင်ပို့နေသလို ထိုင်းနိုင်ငံကို တင်ပို့ရာမှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကလည်း တင်ပို့တယ်။ လက်ရှိမှာ အိန္ဒိယဘက်က မြန်မာ့ပြောင်းကို ဝယ်နေတော့ ဈေးကောင်းရတဲ့ အနေအထားမှာရှိတယ်"ဟု ၎င်းက ပြောသည်။

ပြည်တွင်း ပြောင်းဈေးများမှာ ပြည်ပဝယ်လိုအားကောင်းသောကြောင့် ဈေးမြင့်တက်လာရာ လက်ရှိတွင် ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၄၄၀-၁၄၆၀ ကြားရှိနေပြီး လာမည့် ပြောင်းစိုက်ရာသီတွင် စိုက်ပျိုးသူ များပြားလာဖွယ်ရှိကြောင်း ပြောင်းကုန်သည်တချို့ သုံးသပ်ကြသည်။

"အိန္ဒိယကလည်း သူတို့နိုင်ငံရဲ့ ပြောင်းလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ မြန်မာ့ပြောင်းကို အကောက်ခွန်ကင်းလွတ်ခွင့်နဲ့ တင်သွင်းခွင့်ပြုထားသလို ထိုင်းနိုင်ငံကလည်း ဖေဖော်ဝါရီလမှ ဩဂုတ်လကုန်ပိုင်းထိ အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားတယ်။ ဒီကာလအတွင်းမှာ Exporter တွေအနေနဲ့ အချိန်မီပြည်ပတင်ပို့ဖို့ လုံးပမ်းနေကြတယ်"ဟု ဆက်လက်ပြောကြားသည်။

ပြည်ပသို့ ပြောင်းတင်ပို့မှု စာရင်းများအရ ဧပြီလက ပြောင်းတန်ချိန် ၃၉၀၀၀၀ ကျော်၊ မေလက တန်ချိန် ၃၇၀၀၀၀ ကျော်နှင့် ဇွန်လက တန်ချိန် ၃၉၀၀၀၀ ကျော် တင်ပို့ခဲ့ရာ သုံးလတာကာလအတွင်း စုစုပေါင်းပြောင်းတန်ချိန် တစ်သန်းကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၆၅ သန်းကျော်ရရှိခဲ့သည်ဟု ဆိုသည်။



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီမှ ဇွန်လအတွင်း ပြည်ပတင်ပို့သည့် ပို့ကုန်များမှ ရရှိသော ပို့ကုန်တန်ဖိုးများမှာ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၂၄၇၂ ဒသမ ၁၉၉ သန်းနှင့် နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန် ဒေါ်လာ ၁၁၀၂ ဒသမ ၃၂၁ သန်းရရှိခဲ့ကြောင်း သိရ သည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

### ပြင်ဆင်ဖတ်ရှုပါရန်

၁-၈-၂၀၂၄ ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ (၁၃) "အမှိုက်များမှ လျှပ်စစ်စွမ်းအင်ထုတ်ယူရန် ကိုရီးယားကုမ္ပဏီတစ်ခုမှ ကွင်းဆင်းသုတေသန ပြုလုပ်လေ့လာမည်" ခေါင်းစဉ်ပါ သတင်းနောက်ဆုံးအပိုဒ်တွင် **တစ်ရက်လျှင် အမှိုက်တန်ချိန် ၁၃ တန် ဝန်းကျင် ထွက်ရှိပြီး** ဟု ဖော်ပြခြင်းအစား **တစ်ရက်လျှင် အမှိုက်တန်ချိန် ၁၃၀၀ တန် ဝန်းကျင် ထွက်ရှိပြီး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မန္တလေးမြို့ အဓိကလမ်းမကြီးများ ရေစီးရေလာကောင်းမွန်ရေး မြောင်းများ ပြုပြင်၊ လမ်းကာတုံးများ အသစ်လဲလှယ်၊ ပလက်ဖောင်းများ ပြုပြင်

**မန္တလေး ဩဂုတ် ၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် စီမံချက်များချမှတ်၍ စီစဉ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် စတုတ္ထပတ်မှစတင်ပြီး အောင်မြေသာစံမြို့နယ်၊ ၂၆လမ်း၊ ၇၉လမ်းနှင့် ၈၀လမ်းကြားတွင် ပလက်ဖောင်းများ အသစ်ပြုလုပ်ခြင်း၊ လမ်းကာတုံးများ အသစ်လဲလှယ်ခြင်း၊ သစ်ပင်ကြီးများ၏ အမြစ်များ ထိုးဝင်မှုကြောင့် ပျက်စီးနေသော ရေမြောင်းများအား အသစ်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်သည်။

အောင်မြေသာစံမြို့နယ်၊ ၁၂လမ်း၊ ၆၂လမ်းနှင့်၆၆လမ်းကြား၊ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရားဝန်းကျင် ရေစီးရေလာကောင်းမွန်ရေးမြောင်းများ ပြုပြင်ခြင်း၊ လမ်းကာတုံးများ အသစ်လဲလှယ်ခြင်းနှင့် ပျက်စီးနေသော ပလက်ဖောင်းများ ပြုပြင်ပြီးစီးခဲ့သည်။



အလားတူ မန္တလေးမြို့တွင်း အဓိကလမ်းမကြီးတစ်ခုဖြစ်သော ၃၅လမ်း၊ ၆၂လမ်းမှ၆၆လမ်းအတွင်း ပျက်စီးနေသောပလက်ဖောင်းများအား ပြုပြင်ခြင်း၊ လမ်းကာတုံးများ အသစ်လဲလှယ်ခြင်းများ ဆောင်ရွက်ပြီးစီးပြီး ချမ်းအေးသာစံမြို့နယ် မန္တလေးဘူတာကြီးအနီး ရေစီးရေလာကောင်းမွန်ရေး လမ်း၃၀နှင့်၃၁လမ်းကြား၊ အနောက်ခြမ်းမြောင်းများ အသစ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(ဝ၄၅)**

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပြည်တွင်းဂျုံဈေးကွက် အမြင့်ဈေးတန်းတွင် ရှိနေသော်လည်း ပုံမှန်သာအရောင်းအဝယ်ရှိ



ပြည်တွင်းဂျုံဈေးကွက် အမြင့်ဈေးတန်းတွင်ရှိနေသော်လည်း ပုံမှန်သာအရောင်းအဝယ် ရှိနေကြောင်း ကုန်သည်များထံက သိရသည်။

ပြည်တွင်းဂျုံစိုက်ပျိုးမှုမှာ ဒေသအစုံစိုက်ပျိုးနိုင်ခြင်းမရှိတာကြောင့် ဈေးကွက်အတွင်း ဂျုံအဝင်လျော့နည်းခဲ့တာကြောင့် ယခုနှစ်ဈေးကွက်အတွင်း အမြင့်ဈေးတန်းသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ဂျုံအရောင်းအဝယ်မှာလည်း နယ်ဈေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိသေးသောကြောင့် ပုံမှန်သာအရောင်းအဝယ်ရှိနေခြင်းဖြစ်ကြောင်း မန္တလေးမြို့ ဒေါင်းဂျုံစက် ပိုင်ရှင်ဦးသက်တင်က ပြောသည်။

"ဂျုံကတော့ဆောင်းသီးနှံအဖြစ်စိုက်ပျိုးပြီး ပေါင်မုန့်၊ ကိတ်၊ ပလာတာ၊ ထပ်တရာ၊ ခေါက်ဆွဲတွေမှာ အသုံးပြုတာများပါတယ်။ လက်ရှိမှာတော့ စစ်ကိုင်းတိုင်းဒေသကြီးကထွက်တာ အကောင်းဆုံးပါ။ ရေသွင်းဂျုံတွေလည်း စိုက်ပျိုးကြပါတယ်။ ဂျုံဈေးကွက်ဈေးတန်းတစ်ခုရောက်ရင် ငြိမ်တာများပါတယ်။ နိုင်ငံခြားဂျုံတင်သွင်းမှုကလည်း လျော့ကျတော့ ပြည်တွင်းဂျုံဈေးကွက်က ကောင်းနေတာပါ။ လက်ရှိ ဂျုံဈေးတန်းက အမြင့်ဈေးဆိုပေမယ့် နယ်ဈေးကွက်ကို တင်ပို့မှုနည်းတော့ ပုံမှန်သာ အရောင်းအဝယ်ရှိနေပါတယ်"ဟု ၄င်းက ပြောသည်။

ယခုနှစ်တွင် ဂျုံစိုက်တောင်သူများအနေဖြင့် ပေါ်ပေါ်ခြင်းဈေးကောင်း ရရှိကြသလို ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ ခန့် ရရှိခဲ့ပြီး လက်ရှိအချိန်တွင် ဂျုံတစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ အထိ ပေါက်ဈေး ရှိနေသည်။

ဇူလိုင် ၃၁ ရက် မန္တလေးဈေးကွက်တွင် ဂျုံ(ငါန်းဇွန်၊ မြို့သာ) ၆၀ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀- ၁၈၀၀၀၀၊ ဂျုံ(မုံရွာ၊ ဘုတလင်)တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀-၁၈၀၀၀၀၊ ဂျုံ(စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို)တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀-၁၈၀၀၀၀၊ ဂျုံ(မြင်းမူ၊ မြောင်)တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀-၁၈၀၀၀၀၊ ဂျုံ(ကလေး)တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀-၁၇၀၀၀၀၊ ဂျုံ(ရှမ်း)တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀-၁၇၀၀၀၀၊ ဂျုံ(အထွက်တိုး)တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀-၁၆၀၀၀၀၊ ဂျုံ(ပန်ဆိုင်း၊ ကြူကုတ်)တစ်အိတ်လျှင်ငွေကျပ် ၁၅၅၀၀၀-၁၆၀၀၀၀၊ ဂျုံ(AUS) တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၊ ဂျုံဖွဲ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀-၁၃၀၀ ပေါက်ဈေး ရှိသည်။

ဂျုံသီးနှံကို ဆောင်းစိုက်သီးနှံအဖြစ် စစ်ကိုင်းဒေသ၊ မုံရွာဒေသ၊ မြင်းမူဒေသ၊ သဲတော-ဝမ်းတွင်းဒေသများတွင် အများဆုံး စိုက်ပျိုးထွက်ရှိသည်။ ပြီးခဲ့သည့် ဆောင်းဂျုံထွက်ရှိမှုမှာ အနည်းငယ် လျော့နည်းခဲ့ပြီး လက်ရှိမှာ တောင်သူအနည်းငယ်နှင့် လှောင်လက်သမား၊ စက်ရုံများတွင်သာ လက်ကျန်ရှိတော့ကြောင်း သိရသည်။

**ရွှေမန်း**

## ပြည်တွင်းဈေးကွက်တွင် အာလူးများ ဝယ်လိုအားကောင်းသဖြင့် စိုက်ဧက တိုးချဲ့ရန်လို

ပြည်တွင်းဈေးကွက်တွင် စားဖိုချောင်သုံးစွဲသူများနှင့် အာလူးကုန်ချောထုတ်လုပ်သူများ၏ ဝယ်လိုအားများပြားနေပြီး ထွက်ရှိမှုနည်းနေသောကြောင့် စိုက်ပျိုးဧက တိုးချဲ့ရန်လိုအပ်ကြောင်း အာလူးကုန်သည်တစ်ဦးက ပြောသည်။

အာလူးကို အဆင့်မြင့် စားသောက်ကုန် ထုတ်သူများလည်း ရှိလာသဖြင့် အရည်အသွေးနှင့် အရွယ်အစားကြီးသော အာလူးများနှင့် ပြည်တွင်းစားသုံးမှု များပြားခြင်းကြောင့် နှစ်စဉ်ဝယ်လိုအားကောင်းနေသည်ဟု ဆိုသည်။

"ယခုပေါ်နေတဲ့ အာလူးက အာလူးအသစ်လို့ပြောရမယ်။ အဟောင်းက မရှိတော့ဘူး။ အိန္ဒိယနည်းပညာနဲ့ အာလူးကို အဆင့်မြင့်စားသောက်ကုန် ထုတ်ဖို့ စက်ရုံကိုနမူနာပေးတော့ အဆင်ပြေတယ်။ ဒါပေမယ့် အာလူးမှာ အညှောင့်ပါလို့ ထုတ်လုပ်တာ နားထားတယ်။ အဲဒီလို အဆင့်မြင့် ထုတ်လုပ်တဲ့စက်ရုံတွေရဲ့ ဝယ်လိုအားက များလာမှာဆိုတော့ အာလူးကို တိုးချဲ့စိုက်သင့်တယ်"ဟု ၄င်းက ပြောသည်။

ယခုထွက်ရှိသော အာလူးများမှာ မိုးအာလူးဖြစ်ပြီး အာလူးစိုက်ပျိုးသူများအနေဖြင့် အာလူးတူးဖော်ရန်ခက်ခဲခြင်း၊ မိုးကြောင့် အာလူးများပျက်စီးခြင်းနှင့် ဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းနိုင်လောက်သည့် စိုက်ပျိုးထွက်ရှိမှုမရှိခြင်းတို့ကြောင့် ဈေးကွက်တွင် အမြင့်ဈေးသို့ ရောက်ရှိနေသည်ဟု ဆိုသည်။

"အာလူးက ပြည်တွင်းစားသုံးမှုနဲ့ အကြော်အလှော်သမားတွေရဲ့ ဝယ်လိုအားကြောင့် စိုက်ပျိုးထွက်ရှိမှုက မလုံလောက်ဘူး။ အဲတော့ တရုတ်အာလူးတွေ ပြည်တွင်းဈေးကွက်မှာ တင်သွင်းရောင်းချတယ်။ ပြည်တွင်းအာလူးနဲ့ ဈေးက ငွေကျပ် ၂၀၀-၃၀၀ လောက်ပဲကွာတယ်။ ဝယ်လိုအားနဲ့ ရောင်းလိုအား မမျှတော့ ဈေးတက်လာတယ်"ဟု ဆက်လက်ပြောကြားသည်။

လက်ရှိတွင် အာလူးအရွယ်အစားအလိုက် အာလူးအဟောင်း တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ၅၀၀၀ အထိ ပေါက်ဈေးရှိပြီး အာလူးအသစ်မှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ မှ ၃၀၀၀ ဝန်းကျင် ပေါက်ဈေးရှိနေကြောင်း၊ အကြော်အလှော်သုံးနှင့် အဆင့်မြင့်စားသောက်ကုန်ထုတ်အာလူးမှာ အရွယ်ကြီးရန်လိုပြီး ဈေးအမြင့်ဆုံးလည်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**



## အညာမြေပဲများ လက်ကျန်နည်းလာတာကြောင့် ဈေးမြင့်တက်ခြင်းမရှိသော်လည်း အရောင်းအဝယ်သွက်နေ

အညာမြေပဲများ လက်ကျန်နည်းလာတာကြောင့် အရောင်းအဝယ်သွက်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ပြည်တွင်း ပဲ၊ နှမ်းဈေးကွက်မှာ ထူးခြားသည့် အရောင်းအဝယ်မျိုးမရှိသေးဘဲ လက်ရှိ ဈေးတန်းအတိုင်းသာ ပုံမှန်လေး အရောင်းအဝယ်ရှိနေကြောင်း၊ ငွေသားမကိုင်လိုသည့် လှောင်လက်သမားများက ဝယ်ယူနေပြီး ငွေသားကိုင်ထားလိုသူက ရောင်းချနေသည့် အရောင်းအဝယ်ပုံစံဖြစ်နေကြောင်း၊ မကြာမီ အောင်လံ၊ မကွေးဒေသများမှ မြေပဲဆန်အသစ်များ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း ပို့ကုန်ပဲများ ဈေးငြိမ်နေသည်မှာ တစ်လကျော်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပဲဈေးကွက်ကတော့ သိပ်ထူးခြားတာမျိုးမရှိပါဘူး။ အရောင်းအဝယ်သွက်နေတာက မြေပဲနဲ့ နှမ်းပဲရှိပါတယ်။ ပြည်တွင်းသုံးပဲမာလိုင်းကတော့ ပုံမှန်သာ အရောင်းအဝယ်ရှိတယ်။ ကုလားပဲဈေးတန်းကလည်း အောက်ခံဈေးတန်းအတိုင်းပဲ ရှိပါတယ်။ ပို့ကုန်ပဲတွေလည်း ခပ်အေးအေးသာရှိနေသောကြောင့် အရောင်းအဝယ်သိပ်မကောင်းသေးပါဘူး။ လက်ရှိဈေးကွက်မှာ လှောင်လက်သမားတွေ ငွေကိုင်ထားချင်သူက ရောင်း၊ ငွေမကိုင်ထားချင်သူက ဝယ်နေတဲ့ အခြေအနေမျိုးနဲ့ အရောင်းအဝယ်ဖြစ်နေတာပါ။ ဇူလိုင်တစ်လလုံးကတော့ အရောင်းအဝယ်သိပ်မကောင်းခဲ့ပါဘူး။ နောက်ထပ် သီတင်းပတ်တွေမှာ အောင်လံ၊ မကွေးကနေ မြေပဲဆန်အသစ်တွေ ဝင်လာစရာရှိပါတယ်။ လက်ရှိမှာ အညာမြေပဲဆန် လက်ကျန်နည်းတော့ အရောင်းသွက်နေပါတယ်"ဟု ၄င်းက ပြောသည်။



ဩဂုတ် ၁ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၁၈၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးနှုန်းအတက်အကျ အနည်းငယ်သာရှိပြီး နယ်အရောင်းအဝယ် လျော့ကျနေရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၄၀၀၀၊ ဗ၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။

မြေပဲဆန်နှင့် နှမ်းမျိုးစုံ ဈေးမြင့်တက်ခြင်းမရှိသော်လည်း အရောင်းအဝယ်သွက်နေရာ ဩဂုတ် ၁ ရက်အတွက် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ ပဲပုပ်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀-၃၄၅၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ပေါက်ဈေးရှိနေသည်။

ဩဂုတ် ၁ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး ဆက်လက်မြင့်တက်နေရာ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၄၅၀၀၀၊ နှမ်းဖြူ(ရိုးရိုး)တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ အသီးသီးပေါက်ဈေး ရှိနေကြောင်း သိရသည်။**ရွှေမန်း**

# သရက်ခရိုင်ပြည်သူ့စာကြည့်တိုက်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေး အသိပညာပေး Talk Show ပြုလုပ်




**သရက် ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ပြည်သူများ အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ အသိပညာပေး Talk Show များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး စီစဉ်ရိုက်ကူး၍ ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိရာ သရက်မြို့နယ်သစ်တောဦးစီးဌာန ယမန်နေ့ မွန်းလွဲ ၂ နာရီက မိုးရာသီ သစ်ပင်စိုက်ပျိုး၊ ပြုပြင်ထိန်းသိမ်းရေးအသိပညာပေး Talk Show ဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။

အဆိုပါ အစီအစဉ်တွင် သရက်မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဟန်မင်းထွန်းက မိုးရာသီ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရခြင်းရည်ရွယ်ချက်၊ သစ်တောသစ်ပင်များ ဘာကြောင့်စိုက်သင့်သလဲ၊ သစ်တောပြုန်းတီးရသည့်အကြောင်းရင်း၊ လူထုလှုပ်ရှားမှုအနေဖြင့် သစ်ပင်စိုက်ပျိုးမှုများ၊ သစ်ပင်စိုက်ပျိုးပုံ၊ သစ်ပင်များကို ပြုစုထိန်းသိမ်းခြင်းများ၊ သစ်တော သစ်ပင်များ၏ အကျိုးကျေးဇူးများနှင့် သရက်မြို့နယ်သစ်တောဦးစီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းများ အကြောင်းတို့ကို အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

သရက်မြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီ၌ ကျေးရွာထင်းစိုက်ခင်း ၅၀ ဧက၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း ၃၀ ဧက၊ အထူးစိမ်းလန်းစိုပြေရေး တစ်အုပ်တစ်မစိုက်ခင်း ၄၀၀၀ ပင်၊ ဝါးစိုက်ခင်း ၇ ဧက၊ တစ်ရွာနှစ်ဧကစိုက်ခင်း ၂ ဧက၊ ဘက်စုံသုံးစိုက်ခင်း ၂ ဧက၊ ဘက်စုံသုံးတမာစိုက်ခင်း ၁၉ ဧက၊ ဌာနဆိုင်ရာ၊ လူထုဖြန့်ပျိုးပင် ၃၃၀၆၉ ပင်၊ တမာပျိုးပင် ၁၃၇၀၀ ပင်၊ စုစုပေါင်း ၁၁၉၅၆၅ ပင်အား စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

(အပေါ်ဝဲပုံ)

**ဇော်ထက်(သရက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ပန်းတိုင်

* ရည်မှန်းရာ ပန်းတိုင်လမ်းသို့
ကိုယ်စီမြန်း လှမ်းစဉ်ဝယ်
ဇွဲသန်သန် မကြောက်မရွံ့နဲ့
လျှောက်ဖို့လိုမယ်။

* ပန်းတိုင်ရယ်မဝေးတယ်
တွေးဆရင်း ပြင်ဆင်ကာ
စိတ်ရှည်သည်းခံမားမားရပ်မှ
ရလဒ်ကောင်းထင်မှာ။

* ကောင်းတလီဆိုးတစ်လှည့်ဟာ
အတွန်းအနှဲ့ကြောင်းစုံလင်
ရင်ဆိုင်ကာ ကျော်ဖြတ်ရင်း
ဆက်စပ်နွှယ်ငင်။

* ခက်ခဲမှုမျိုးစုံပင်
ကြုံဆုံဖွယ်ရှောင်မလွဲ
ဖြစ်ရမည်ဆန္ဒမြောက်ဖို့
လှမ်းနှင်းဝံ့ရဲ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

# ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား ဩဂုတ် ၁**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်၊ မဲဒီးကျေးရွာနှင့် ဇမ္ဗူသီရိမြို့နယ်၊ အ·ထ·က ၁၄ သို့ သွားရောက်ငှားရမ်းပေးခဲ့ကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်၌ သုတ၊ ရသ စာအုပ်မျိုးစုံ ၂၂၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တပတ် တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(အပေါ်ယာပုံ)

**မြို့နယ်(ပြန်/ဆက်)**






# စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဩဂုတ် ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်၌ စာကြည့်တိုက်များ ရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး၊ စာကြည့်တိုက်လုပ်ငန်းများ အောင်မြင်ရေး၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များ စာကြည့်တိုက်ကို အားကိုးအားထားပြုတတ်စေရေးနှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်စေရေး၊ စာကြည့်တိုက်လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်တတ်စေရေး၊ ရပ်ကွက်ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသီးသီး ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးက ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်၊ စာစောင်များအား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀



# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကလေး ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ကလေးမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကလေးခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာထူးက ကလေးသူငယ်များ၏ အသက်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ၊ ကလေးသူငယ်များအတွက် အန္တရာယ်ရှိသော အလုပ်အမျိုးအစားများ၊ ကမ္ဘာ့တစ်ဝှမ်းတွင် ကလေးငယ်များ လုပ်ဆောင်နေကြရသည့် လုပ်ငန်းအမျိုးအစားများကို PowerPoint ဖြင့်ပြသ၍ အသိပညာပေး ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများ မေးမြန်းခြင်း၊ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ကလေးခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကလေးခရိုင်၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာများနှင့်ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သတင်းပဒေသာ

## မြစိမ်းရောင်စီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းနှင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စွမ်းအင်စီမံခန့်ခွဲမှုစနစ်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီးအတွင်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရောင်းဝယ်မှုလုပ်ငန်းများအတွက် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရန်နှင့် ကုန်ကျစရိတ်လျှော့ချပြီး စီးပွားရေးအကျိုးအမြတ်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ စွမ်းအင်ချွေတာခြင်းနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၃၀ရက် နံနက် ၈ နာရီက မကွေးမြို့၊ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign) နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝက်မွေးမြူသူများ အဆင်ပြေလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ ကျေးလက်နေပြည်သူများသည် လယ်ယာလုပ်ငန်းဖြင့် တွဲဖက်၍ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိရာ ဝက်များဈေးကောင်းပေးဝယ်နေ၍ ဝက်မွေးမြူသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာစာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ် ရေနံ့မကျေးရွာတွင် နိုင်ငံတော်မှလှူဒါန်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက်အဆောက်အအုံ ပန္နက်တော်တင် အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်မြေနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအုန်းငွေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ ပူပေါင်းပါဝင်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းနှင့် စုပေါင်းအမှိုက်ကောက်ခြင်းကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထီးလိုမင်းလိုဂူဘုရားကြီးအတွင်းရှိ ဆင်းတုတော်(၉)ဆူအား ရွှေသင်္ကန်း စတင်ကပ်လှူပူဇော်

**ညောင်ဦး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်းရှိ အေဒီ(၁၂၁၁-၁၂၃၁) ဇေယျသိင်္ခနားတောင်းများမင်းကြီးတည်ထားကိုးကွယ်ခဲ့သည့် ထီးလိုမင်းလို ဂူဘုရားကြီး အထက်ပစ္စယံရှိ ထိုင်တော်မူဆင်းတုတော်(၄)ဆူနှင့် အောက်ပစ္စယံရှိ ထိုင်တော်မူဆင်းတုတော်(၄)ဆူ၊ မတ်ရပ်တော်ဆင်းတုတော်(၁)ဆူတို့အား ရွှေသင်္ကန်း ဆက်ကပ်ပူဇော်ခြင်းကို ဇူလိုင် ၃၁ရက်၊ နံနက် ၇ နာရီက ရွှေသင်္ကန်း စတင်ကပ်လှူပူဇော်နေပြီ ဖြစ်သည်။

ထီးလိုမင်းလို ဂူဘုရားကြီး အတွင်းရှိ ဆင်းတုတော်(၉)ဆူတို့အား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်ခရိုင်စီမံအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့်မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ညောင်ဦးခရိုင် သာသနာရေးမှူး ဦးနေလင်းသိန်းနှင့်ဝန်ထမ်းများ၊ ထီးလိုမင်းလိုဂူဘုရားကြီးဂေါပကဥက္ကဋ္ဌ ဦးတင်လှဦးနှင့် အဖွဲ့ဝင်များကစတင်၍ ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(၄၈၁)**



## သဘာဝဘေးအန္တရာယ် အမျိုးမျိုးကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့ အလှူငွေပေးအပ်

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး အတွင်း သဘာဝဘေးအန္တရာယ် အမျိုးမျိုးမှ ကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့သခြင်းကို ယနေ့နံနက်၇နာရီခွဲက မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ ပေါင်းလဲတိုက်အတွင်းရှိ လျောင်းတော်မူဘုရားတွင် ပြုလုပ်သည်။

သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေး ဆုတောင်းမေတ္တာပို့သမှုများတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဒုတိယညွှန်ကြားရေးမှူးဦးငွေဝင်း၊မန္တလေးခရိုင်မီးသတ်ဦးစီးမှူးဦးကျော်ကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခရိုင် အရန်မီးသတ် တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ တက်ရောက်ကြပြီး လျောင်းတော်မူဘုရားအား ပန်း၊ ဆီမီးရေချမ်းများကပ်လှူပြီး ကန်တော့၍ ဆုတောင်းမေတ္တာပို့သကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊အရန်မီးသတ်ဒုတိယတပ်ရင်းမှူးနှင့် တပ်ခွဲမှူးများက ပေါင်းလဲတိုက် လျောင်းတော်မူဘုရားအား အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(၀၄၅)**



## မြို့နယ်လုံးဆိုင်ရာ ဝိနည်းစာမေးပွဲအောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ကျောက်ဆည်မြို့နယ်လုံးဆိုင်ရာ ဝိနည်းစာမေးပွဲ၌ အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် မွန်းတည့် ၁၂ နာရီက သီရိသာသနာ့ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ခဲ့ပြီး ကျောက်ဆည်မြို့နယ် ဩဝါဒါစရိယ ရှာပုလဲ ဆရာတော် ဘဒ္ဒန္တသုနန္ဒရ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ သမ္ဗောဒနိယဩဝါဒကထာနာယူကြည်ညိုကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ ရွှေစေတီကျောင်းတိုက်မှ အောင်လက်မှတ်ဆက်ကပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးနှင့်အဖွဲ့ဝင်များက ပဉ္စင်းသံဃာဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်များအား ဝတ္ထု၊သင်္ကန်းခြင်းများနှင့် စာအောင်လက်မှတ်၊ စာအောင်ဆုများ ဆက်ကပ်ခဲ့ကြပြီး မြို့နယ်ဩဝါဒါစရိယ ရှာပုလဲ ဆရာတော် ဘဒ္ဒန္တသုနန္ဒရ ဆရာတော်ထံမှ ရေစက်သွန်းချ အနုမောဒနာတရား နာယူကြည်ညိုခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ကျောက်ဆည်မြို့နယ်လုံးဆိုင်ရာ ဝိနည်းစာမေးပွဲတွင် နဝမအဆင့်အောင်တစ်ပါး၊ အဋ္ဌမအဆင့်အောင် နှစ်ပါး၊ သတ္တမအဆင့်အောင်နှစ်ပါး၊ ဆဋ္ဌမအဆင့်အောင်သုံးပါး၊ ပဉ္စမဆင့်အောင်သုံးပါး၊ စတုတ္ထအဆင့်အောင်နှစ်ပါး၊ တတိယအဆင့်အောင်သုံးပါး၊ ဒုတိယအဆင့်အောင်သုံးပါး၊ ပထမအဆင့်အောင်သုံးပါး၊ မူလအဆင့်အောင်သုံးပါး အောင်မြင်တော်မူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၈၅)**





## ရဲမွန်တောင်ရပ်ကွက်တွင် ရပ်ကွက်နေပြည်သူများအား ရေလှူဒါန်း

**မန္တလေး ဩဂုတ် ၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်တွင် ရပ်ကွက်နေပြည်သူများအား ရေသုံးစွဲမှု အခက်အခဲမရှိစေရန်အတွက် ရေလှူဒါန်းမှုကို မဟာအောင်မြေမြို့နယ် မီးသတ် ဦးစီးဌာနမှ ဇူလိုင် ၃၀ရက် နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့ကြသည်။


အဆိုပါ ရပ်ကွက်နေပြည်သူများအား ရေလှူဒါန်းပေးနေမှုအား မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင် ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ရေဂါလန်(၃၂၀၀)အား လှူဒါန်းပေးခဲ့ကြောင်းသိရသည်။

**(ဝဲပုံ)**

**(၀၅၆)**

# လေအားဖြင့် လျှပ်စစ်ထုတ်ကြမယ်

မောင်မောင်စွယ်စုံထွန်း




ရန်ကုန်မြို့သို့ပြောင်းရွှေ့ရောက်ရှိလာသည့်အခါ စာပေအသိုက်အဝန်းမှပုဂ္ဂိုလ်များနှင့် မကြာခဏ စကားစမည်ပြောဖြစ်ကြသည်။ စာရေးဆရာ အယ်ဒီတာတစ်ဦးက ' ဆရာရေ ---လေအားလျှပ်စစ်က ကျွန်တော်တို့နိုင်ငံမှာ ရနိုင်တယ် မဟုတ်လား --- ဘာလို့မထုတ်တာလဲ ' ဟု ဆိုလာပြန်လို့ ဤဆောင်းပါးရေးဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်လည်း လေအားလျှပ်စစ်က အကြောင်းကိုတစ်ခါမှ မပြောခဲ့ဖူးမရေးဖူးသေးတော့ ပိုအဆင်ပြေသွားသည်။ ထို့ကြောင့်ပင် လေအားလျှပ်စစ်အကြောင်းကို ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။


ဤနေရာတွင် ကြိုတင်၍တစ်ခုပြောလိုသည်မှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့်အဆင့် ထုတ်လုပ်နေသော လေရဟတ်ကြီးများသည် ကလေးကစားစရာအရွယ်၊ ပန်ကာအရွယ်အစားမဟုတ်သည်ကိုတော့ သတိပြုကြရမည်ဖြစ်သည်။ လျှပ်စစ်အားကို မဂ္ဂါဝပ်အဆင့်ထုတ်လုပ်ပေးနိုင်မည့် လေရဟတ်တစ်ခုသည် အနည်းဆုံး ၇၀ မီတာ(ပေ၂၀၀ကျော်)ခန့်မြင့်ပြီး ဒလက်တစ်ခု၏ အချင်းသည် ၆၀ မီတာ(ပေ ၁၈၀ ကျော်)ခန့်ရှိသည်ကိုမျက်စိထဲတွင် ဦးစွာမြင်ယောင်ကြည့်နိုင်ကြပါသည်။ အရွယ်အစားကြီးမားလှကြောင်း တွေးမြင်သိရှိကြစေလို၍ ဖြစ်ပါသည်။ လူအများက လေကိုအလကားရနေသည်ဟုထင်၍ လေအားလျှပ်စစ်ထုတ်လျှင်လည်း အလကားရလိမ့်ဟု တွေးဆပြောဆိုနေကြခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မည်။ သို့သော် မည်သည့်ထုတ်လုပ်မှုမဆို ထုတ်လုပ်မှုကုန်ကျစရိတ်များ ရှိသည်သာဖြစ်ပါသည်။ တည်ဆောက်ရခက်ခဲလေ ရင်းနှီးမှု၊ မြှုပ်နှံမှု စရိတ်နှင့်ထုတ်လုပ်မှုကုန်ကျစရိတ်များလေဖြစ်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ကဲ့သို့သော ဒေသများတွင် ၂၀၁၂ ခုနှစ်ခန့်လောက်ကတည်းက လေအားလျှပ်စစ်အတွက် လေ့လာစူးစမ်းခဲ့ကြသည်ကို မှတ်မိသည်။ အဆင်မပြေဟုထင်မိပါသည်။ နောက်ပိုင်းအသံထပ်မကြားတော့ပါ။အဆိုပါ လေရဟတ်များဖြင့် လျှပ်စစ်ထုတ်လုပ်ရမည့်စီမံကိန်းမျိုးကို နိုင်ငံတော်အနေဖြင့် တစ်ဦးထဲဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားလွန်းလှ၍ ပြည်ပရင်းနှီးမြှုပ်နှံမှုမျိုးကိုသာ အားကိုးရခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ်နောက်ပိုင်းတွင်မှ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်သာမက ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ကဲ့သို့သော ကမ်းရိုးတန်းဒေသများကိုပါ ကြိုတင်စူးစမ်းလေ့လာတွက်ချက်နိုင်ခဲ့ပြီး (၈၀၀၀)မဂ္ဂါဝပ်အထိ လေအားမှ လျှပ်စစ်ထုတ်နိုင်မည်ဟု ခန့်မှန်းထားခဲ့ကြပါသည်။ နိုင်ငံတော်အကြီးအကဲကလည်း 'မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအင် ပိုမိုရရှိရန် လေအားလျှပ်စစ်ပုံစံအား စွမ်းအင်မူဝါဒတစ်ရပ်ရေးဆွဲ၍ ထုတ်လုပ်ရန်စဉ်းစားသင့်သည်'ဟု ပြောကြားထားပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရနိုင်သမျှ လေအားလျှပ်စစ်များထုတ်လုပ်သွားရန် လမ်းညွှန်မှာကြားခဲ့ခြင်းလည်း ဖြစ်ပါသည်။

လက်ရှိအားဖြင့်(၁.၃.၂၀၂၃)ရက်က တရုတ်နိုင်ငံနှင့်သဘောတူ လက်မှတ်ရေးထိုးခဲ့သော လေအားလျှပ်စစ်စီမံကိန်းသုံးခုရှိသည်။ အမ်းရေအားလျှပ်စစ်စီမံကိန်း(၁၅၀မဂ္ဂါဝပ်)၊ ငွေလေအားလျှပ်စစ်စီမံကိန်း(၁၀၀ မဂ္ဂါဝပ်)၊ သံတွဲရေအားလျှပ်စစ်စီမံကိန်း(၁၁၀မဂ္ဂါဝပ်)တို့ ဖြစ်ကြသည်။ အလားတူ (၃၀.၃.၂၀၂၃)ရက်တွင် ရုရှားနိုင်ငံနှင့်သဘောတူ လက်မှတ်ရေးထိုးခဲ့သော(၁၁၆)မဂ္ဂါဝပ်ထုတ်လုပ်မည့်မင်းလှနှင့် (၅၆)မဂ္ဂါဝပ် ထုတ်လုပ်မည့် မင်းကုန်းလေအားလျှပ်စစ်စီမံကိန်းများအပြင် မကြာခင်မှာ လေအားလျှပ်စစ်စီမံကိန်းများကို ဖုန်(၆)ခုမှာ စီမံကိန်းစုစုပေါင်း(၁၈)ခု ဆောင်ရွက်၍ (၈၀၀၀ မဂ္ဂါဝပ်)အထိ ထုတ်လုပ်နိုင်ရန် တင်ဒါခေါ်ယူရေးအတွက်ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ပုပ္ပါးလေအားလျှပ်စစ်စီမံကိန်းဆိုလျှင် (၂၀၀ မဂ္ဂါဝပ်)ထွက်ရှိမည်ဟု ခန့်မှန်းထားပါသည်။

တစ်ခုတော့ရှိပါသည်။ အဆိုပါ လေအားလျှပ်စစ်စီမံကိန်းများသည် ခု ရေတွင်းတူး ခု ရေကြည်သောက်ချင်လို့တော့မရသေးပါ။ စီမံကိန်းများအားလုံးကို အချိန်ယူတည်ဆောက်ပြီးမှသာလျှင် လျှပ်စစ်ဓာတ်အားထွက်လာပါလိမ့်မည်။ အချိန်တော့ စောင့်ကြရပါလိမ့်ဦးမည်။ ဓာတ်အားမလုံလောက်မှုကိုအကြောင်းပြု၍ ပြည်သူတွေကလည်း မိမိတို့အစီအစဉ်ဖြင့် တစ်ပိုင်တစ်နိုင် လေအားလျှပ်စစ်စက်အသေးစားလေးများဖြင့် ဆောင်ရွက်နိုင်ကြပါသည်။




ကိုယ့်အားကိုယ်ကိုးထုတ်လုပ်လာခြင်းအားဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ မှီခိုနေမှုအား များစွာဝန်ပေါ့သွားစေမည်ဖြစ်ပါသည်။ မီနီဂရစ်စနစ်များကိုဆောင်ရွက်သင့်ကြပါပြီ။

လေအားလျှပ်စစ်ကို အမေရိကန်နိုင်ငံတွင် စတင်တီထွင်အသုံးပြုခဲ့ကြပြီး ပထမဆုံး လေအားဓာတ်အားပေးစက်ကို ၁၉၃၀ ပြည့်နှစ်က အိုဟိုင်းယိုးပြည်နယ်တွင် စတင်တည်ဆောက်ခဲ့ကြသည်။ လေအားလျှပ်စစ်တွင် Vertical axis wind turline (VAWT)နှင့် Horizontal axis wind turline (HAWT)ဟူ၍ နှစ်မျိုးရှိပြီး HAWT အမျိုးအစားကို အဓိကသုံးစွဲကြပါသည်။ စွမ်းဆောင်ရည်မြင့်မားပြီး စွမ်းအင်ပိုမိုထုတ်လုပ်ပေးနိုင်သည့်အတွက် ဖြစ်ပါသည်။ ယခုအခါ တစ်ကမ္ဘာလုံးတွင် လေအားလျှပ်စစ်တိုးတက်ထုတ်လုပ်နိုင်လာခဲ့ရာ ၂၀၄၀ ပြည့်နှစ်အရောက်တွင် လေအားလျှပ်စစ်သည် ကမ္ဘာ့စွမ်းအင်ထုတ်လုပ်မှု၏ ၉ ရာခိုင်နှုန်းအထိရှိလာမည်ဟု ခန့်မှန်းထားကြပြီး တရုတ်၊အမေရိကန်နှင့် ဂျာမဏီ သုံးနိုင်ငံ၏ လေအားလျှပ်စစ်စက်တပ်ဆင်အားသည် ကမ္ဘာ့တစ်ဝန်းလုံးစက်တပ်ဆင်အား၏ ၅၆ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ဟုသိရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း လေစွမ်းအင်အရင်းအမြစ်ရရှိနိုင်မှုသည် ၃၆၅ ဒသမ ၁ TWh per years ရှိပြီး Copacity Factor ၃၀ရာခိုင်နှုန်းအထိရရှိနိုင်သောနေရာများစွာရှိသဖြင့် နိုင်ငံတော်မှ ယခုကဲ့သို့ ပထမအဆင့်အနေဖြင့် ၈၀၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်သွားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေခြင်းလည်းဖြစ်ပါသည်။

လေအားလျှပ်စစ်စက်တစ်ခုတွင် အောက်ပါပစ္စည်းများပါဝင်ကြပါသည်။ အဆိုပါပစ္စည်းများအားလုံးသည် လေအားလျှပ်စစ်ထုတ်လုပ်မည့် စက်ကြီးတစ်ခုတွင် မပါမဖြစ်ပါဝင်ကြရမည့် အစိတ်အပိုင်းများဖြစ်ပါသည်။

(၁) Generator

Mechanical energy မှ electricity ထုတ်ပေးနိုင်ရန်ဖြစ်ပါသည်။

(၂) Gear box

လေတိုက်နှုန်းအရ ပန်ကာဒလက်လည်နှုန်း speed ကို မြန်အောင်ထိန်းညှိလုပ်ဆောင်ပေးခြင်းဖြစ်ပါသည်။ (ဥပမာ- ၂၀ rpm မှ ၁၅၀၀ rpm လောက်အထိ speed ကို မြှင့်တင်ပေးနိုင်ခြင်းမျိုးဖြစ်ပါသည်။)

(၃) Clutch

Gear box နှင့် Generator တို့ကို လိုအပ်သလို ချိတ်ဆက်ပေးနိုင်ရန်ဖြစ်ပါသည်။

(၄) Breakes

အရေးပေါ်ပြုပြင်ရေးဆောင်ရွက်သည့်အခါတွင် ခေတ္တရပ်တန့်ရန်အသုံးပြုခြင်းဖြစ်ပါသည်။

(၅) Yaw Mechanism

Wind vane တွင် လေကြောင်းအာရုံခံမှုအပေါ်တွင် မူတည်၍ operate လုပ်သည့်ပစ္စည်းဖြစ်ပါသည်။

(၆) Cooling System

အအေးခံရန်အတွက် လေ(သို့မဟုတ်)အရည်တစ်မျိုးမျိုးကိုသုံးခြင်းဖြစ်ပါသည်။

ထိုမျှလောက်ရှင်းပြလျှင် သာမန်လေရဟတ်အသေးစားလေးများဖြင့် လေအားလျှပ်စစ်စီမံကိန်းကြီးများ(ဝါ)မဂ္ဂါဝပ်များစွာထွက်သော လေရဟတ်ခြံကြီးများ တည်ဆောက်၍မရကြောင်း သဘောပေါက်လောက်ပြီဟု ယူဆမိပါသည်။ နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားပမာဏမှာ မဂ္ဂါဝပ်နှင့်သာ စဉ်းစားရပါလိမ့်မည်။ အကယ်၍ နိုင်ငံတော်အား တစ်ဖက်တစ်လမ်းမှ သက်သာစေရန်တစ်ပိုင်တစ်နိုင်လေအားလျှပ်စစ်အသေးစားများအား တည်ဆောက်သွားမည်ဆိုလျှင်ကား တည်ဆောက်သွားသင့်လှပါသည်။ အိမ်သုံးလေအားလျှပ်စစ်တိုင်များ၏ start up wind speed မှာ 2.0 m/s ဖြစ်၍ rated wind speed မှာ 10 m/s ဖြစ်သဖြင့် မြန်မာနိုင်ငံအတွင်း နေရာဒေသမရွေးတပ်ဆင်နိုင်ကြပါသည်။ ဘက်ထရီကိုအားသွင်းကာ အင်ဗာတာဖြင့် ဓာတ်အားထုတ်လုပ်မည့် ဒီဇိုင်းဖြစ်သဖြင့် အမြဲလေတိုက်နေရန်လည်း မလိုအပ်ပါ။အိမ်တိုင်းတွင် တပ်ဆင်ဆောင်ရွက်နိုင်ပါသည်။ ဆိုလာပြားတပ်ဆင်ရန် ခက်ခဲသောနေရာမျိုးတွင် အိမ်သုံး wind တာဘိုင်အသေးစားလေးများ တပ်ဆင်အသုံးပြုနိုင်ကြပါသည်။

ယခုအခါ ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းများကိုပင် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ကမ်းလွန်အဆင့်ကို မဆောင်ရွက်နိုင်သေးသော်လည်း ကုန်းတွင်း လေအားလျှပ်စစ်ခြံများ တည်ဆောက်၍ လေအားလျှပ်စစ် ၈၀၀၀မဂ္ဂါဝပ် အထိထုတ်လုပ်နိုင်ရန် တိုင်းတာတွက်ချက်၍ တင်ဒါခေါ်ယူခြင်း၊ သဘောတူလက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်လျက်ရှိနေပြီဖြစ်သဖြင့် မဝေးလှသောကာလတွင် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ပါကြောင်းနှင့် တစ်ပိုင်တစ်နိုင်အားဖြင့်လည်း အိမ်သုံးလေအားလျှပ်စစ်ထုတ်လုပ်သင့်ကြသဖြင့် လေအားဖြင့် တစ်ပိုင်တစ်နိုင်လျှပ်စစ်ထုတ်ကြပါဟု တိုက်တွန်းရေး သားတင်ပြလိုက်ရပါသည်။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၇)တွင် တည်ရှိသော ဦးပိုင်အမှတ်(၅၆)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ငွေးငွေး(၉/မကန(ပြု)၀၀၀၀၀၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**

**(တရားလွှတ်တော်ရှေ့နေ) (တရားလွှတ်တော်ရှေ့နေ)**

**အိမ်အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃Aလမ်း၊ ၃၉Aလမ်းနှင့် လမ်း၄၀ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၇၀၀၀၇ ၊ ၀၉-၇၉၂၀၇၀၀၀၇ ၊၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၆)၊ ဦးပိုင်အမှတ်(၃၈-ခ)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်နန်းစံဟွမ်အေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ကိုဇော်(ဘ)ဦးစိန်ဝင်းမောင်(၉/ခအစ(နိုင်)၀၁၄၆၈၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုမွန်(LL.M) တရားလွှတ်တော်ရှေ့နေ**

**၅၀ အေလမ်းနှင့် ၅၀ဘီလမ်းကြား။ ၂၅လမ်းနှင့် ၂၆လမ်းကြား။ မဟာဇေယျာဘုံရပ်ကွက်၊**

**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၄၀၂၆၀၆၀၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၂၉)၊ ဦးပိုင်နံပါတ်(၇၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးမြင့်အောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်အောင်(ဘ)ဦးဘထူး(၉/မရမ(နိုင်)၀၅၈၆၂၇)(၎င်းကိုယ်စား ဦးကျော်ဆန်း(ဘ)ဦးပြည့်မောင်(၉/မနမ(နိုင်)၀၈၁၁၄၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ➢ ၀၉-၂၅၉၀၄၅၄၈၀**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ဦးအောင်မင်းထွန်း(ဘ)ဦးကျော်တင့်(၉/မနမ(နိုင်)၁၀၉၃၇၄)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်မင်းထွန်းနှင့် ဒေါ်ချိုမာအေး(ဘ)ဦးကျော်နု(၉/ခမစ(နိုင်)၀၅၅၁၆၉)တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၂၀၁၅)ခုနှစ်မှစ၍ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သား၊ သမီးထွန်းကားခဲ့ခြင်းမရှိပါ။ ယခုအခါ ဦးအောင်မင်းထွန်းနှင့် ဒေါ်ချိုမာအေးတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန်လည်း ဆန္ဒမရှိကြတော့သဖြင့် (၂၉-၇-၂၀၂၄)ရက်တွင် မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ် တရားရုံးတော်၌ မှတ်ပုံတင်အမှတ်(၃၃/၂၀၂၄)ဖြင့် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိသစ္စာပြုလွှာ"ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အသိသက်သေများရှေ့တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။

ထို့ကြောင့် ဦးအောင်မင်းထွန်းနှင့် ဒေါ်ချိုမာအေးတို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း သတင်းစာတွင် ကြေညာပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့တွင် မည်သို့မျှ ပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသာထက်လင်း (LL.B)**

**အထက်တန်းရှေ့နေ (စဉ်–၅၄၂၄၄)**

**မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➢ ၀၉-၇၇၀၁၀၀၂၅၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၅)၊ ဦးပိုင်အမှတ်(၁၇-ဓ)၊ ဧရိယာ(၀ ဒသမ ၀၃၆၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သောင်းသောင်းငွေး(ဘ)ဦးပေါင်းညို(၉/မနမ(နိုင်)၀၄၀၄၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မွန်မြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁အေနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➢ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၁၇)၊ ဦးပိုင်အမှတ်(၂၆-က)၊ ဧရိယာ(၀ ဒသမ ၀၄၂၂)ဧက အကျယ်အဝန်းရှိသော ဦးကိုကိုဇော် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၁)ထပ် အဆောက်အအုံ၊ ရေမီတာ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့် အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးကိုကိုဇော်(ဘ)ဦးအေးကို(၉/မနမ(နိုင်)၁၁၁၂၉၃)၊ (၂)ဒေါ်ဇာနည်ကျော်(ဘ)ဦးခင်မောင်ကျော်(၉/မနမ(နိုင်)၁၂၁၃၇၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး(LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း ➢ 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer.khinninisoe@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၄)၊ ဦးပိုင်နံပါတ်(၉၀-ခ)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၅၅)ဧကအကျယ်အဝန်းရှိ ဦးလွန်းမောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးနေမျိုးအောင်(ဘ)ဦးအောင်ငွေး(၉/မခန(နိုင်)၀၀၅၉၈၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး LL.B, LL.M | ဒေါ်အိအိမွန် LL.B, LL.M | | |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | | |
| ဒေါ်ယုသစင်အောင် LL.M | ဒေါ်အေးနန္ဒာထွန်း LL.B | ဒေါ်မာလာစိုး LL.B | ဒေါ်ဖူးသန့်မွန် LL.B |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၂)၊ ဦးပိုင်နံပါတ်(၄-က)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၉)ဧကအကျယ်အဝန်းရှိ ဒေါ်ခင်မေရီ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုင်းစိုင်းဝင်းထက်(ဘ)ဦးကျော်ဝင်း(၉/မရမ(နိုင်)၀၈၂၀၄၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး LL.B, LL.M | ဒေါ်အိအိမွန် LL.B, LL.M | | |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | | |
| ဒေါ်ယုသစင်အောင် LL.M | ဒေါ်အေးနန္ဒာထွန်း LL.B | ဒေါ်မာလာစိုး LL.B | ဒေါ်ဖူးသန့်မွန် LL.B |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့ကျုံးအတွင်း ဧရာဝတီမြစ်ရေဖြည့်သွင်းနေမှုနှင့် ကမ်းနားလမ်းသာယာလှပရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေတို့အား လိုက်လံကြည့်ရှု





**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးရာဝန်ကြီး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ညနေပိုင်းက ကျုံးအတွင်း ဧရာဝတီမြစ်ရေရယူ၍ ဖြည့်သွင်းနေမှုနှင့် ကမ်းနားလမ်းသာယာလှပရေးစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျုံးအတွင်း ဧရာဝတီမြစ်ရေကို ဖြည့်သွင်းနေသည့် အောင်မြေသာစံမြို့နယ် လမ်း ၈၀ နှင့် ၁၂ လမ်းထောင့်သို့ ရောက်ရှိပြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာန၊ ဌာနမှူး ဦးထွန်းဝင်းတို့က ဧရာဝတီမြစ်ရေစုပ်တင်ရေယူသည့်နေရာမှ ကျုံးအထိ ၁၈၂၀ ပေရှိပြီး ၁၂ လက်မပိုက်ဖြင့် တစ်နေ့လျှင် ၂၀ နာရီဖြင့် ဂါလန် ၁၂ သိန်း၊ ၈ လက်မပိုက်ဖြင့် တစ်နေ့လျှင် ၂၀ နာရီဖြင့် ဂါလန် ၈ သိန်း စုစုပေါင်း တစ်နေ့လျှင် ဂါလန် ၂ သန်းကို ဖြည့်သွင်းပေးနေမှု၊ စာတိုက်ကြီး ရေပေးဝေရေးဝင်းအတွင်း စက်ရေတွင်း ၅ တွင်းမှ တစ်နေ့လျှင် ဂါလန် ၄ သန်းကို မကြာမီ ထပ်မံဖြည့်သွင်းပေးသွားမည့် အခြေအနေများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆည်တော်ကြီးရေမရရှိခြင်းကြောင့် မန္တလေးတူးမြောင်းမကြီးမှတစ်ဆင့် ကျုံးအတွင်းသို့ ရေဝင်ရောက်မှု မရှိသော်လည်း ကျုံးအတွင်းသို့ ရေပေးသွင်းခြင်းနှင့် ကျုံးရေမှ ပြည်သူများသို့ သောက်သုံးရေပေးဝေခြင်းများကို ပုံမှန်အနေအထားသို့ ရောက်ရှိအောင် အမြန်ဆုံးဆောင်ရွက်သွားကြရန်တို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧရာဝတီ

စာမျက်နှာ ၅ သို့ ❍



## ၂၀၂၄ ပါရီအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်




၂၀၂၄ ပါရီအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ အားလုံး ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၄ ပါရီအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတား ဖိုင်နယ်အဆင့်တွင်

**အမေရိကန် – ဂျပန်**
**ကနေဒါ – ဂျာမနီ**

**ပြင်သစ် – ဘရာဇီး**
**စပိန် – ကိုလံဘီယာ**

တို့ အသီးသီးထိပ်တိုက် တွေ့ဆုံလျက်ရှိသည်။

၂၀၂၄ ပါရီအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဩဂုတ် (၃ ၊ ၄)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)